2	Teak	log/ton	561.80	561.80	561.80	561.80	561.80	561.80
3	Other Assorted Hard Wood	log/ton	5,056.18	5,280.90	5,505.62	5,730.34	5,730.34	5,730.34
	Raw Material (Price)							
1	Assorted Wood	kyat/ton	80,000	85,000	90,000	95,000	95,000	95,000
2	Teak	kyat/ton	1,500,000	1,600,000	1,700,000	1,700,000	1,700,000	1,700,000
3	Other Assorted Hard Wood	kyat/ton	90000	95000	100000	120000	120000	120000
	Raw Material (Cost)							
1	Assorted Wood	Kyat/Ml.	228.57	255.00	282.86	312.14	312.14	325.71
2	Teak	Kyat/Ml.	842.70	898.88	955.06	955.06	955.06	955.06
3	Other Assorted Hard Wood	Kyat/Ml.	455.06	501.69	550.56	687.64	687.64	687.64
	Total -	Kyat/Ml.	1,526.33	1,655.57	1,788.48	1,954.84	1,954.84	1,968.41

WIN & WIN COMPANY LIMITED

VENEER FACTORY

RAW MATERIAL REQUIREMENT (LOCAL)

Schedule - 12(A)

Sr.N	Finished good prodn:	A/U	Yr1	Yr2	Yr3	Yr4	YR.5 to10	YR.11 to15
	Finished Good							
1	Plywood	Ton	2,000	2,100	2,200	2,300	2,300	2,400.00
2	Hard Wood Veneer							
	- Teak	Ton	500	500	500	500	500	500.00
	- Other Hard Wood	Ton	4,500	4,700	4,900	5,100	5,100	5,100
1	Waste for Plywood (30%)	Ton	857.14	900.00	942.86	985.71	985.71	1,028.57
2	Waste for Hard Wood veneer							
	- Fire Wood (4%)	Ton	224.72	233.71	242.70	252.69	252.69	252.69
	- Centre Core (7%)	Ton	393.26	408.99	424.72	440.45	440.45	440.45
	Raw Material Requirement							
1	Assorted Wood	Ton	2,857.14	3,000.00	3,142.86	3,285.71	3,285.71	3,428.57
2	Teak	Ton	561.80	561.80	561.80	561.80	561.80	561.80
3	Other Hard Wood	Ton	5,056.18	5,280.90	5,505.62	5,730.34	5,730.34	5,730.34

WIN & WIN COMPANY LIMITED

VENEER FACTORY

RAW Materials Requirement (To be Imported)

Schedule - 12(B)

Sr.N	Particulars	A/U	Yr1	Yr2	Yr3	Yr4	YR.5 to10	YR.11 to15
	Raw Material (Qty)							
1	Bond for Plywood	Kg.	5,000.00	5,200.00	5,400.00	5,600.00	5,600.00	5,600.00
	Raw Material (Price)							
1	Bond for Plywood	Kg/US$	2.00	2.50	3.00	3.50	4.00	4.00
	Raw Material (Cost)							
1	Bond for Plywood	US$/ML	0.01	0.01	0.02	0.02	0.02	0.02
	Total -	US$/ML	0.0100	0.0130	0.0162	0.0196	0.0224	0.0224

WIN & WIN COMPANY LIMITED

VENEER FACTORY

DIRECT , INDIRECT SALARY AND WAGES

Schedule - 13

Description	Yr.1			Yr .2			Yr 3			Yr .4-15		
	Nos	Monthly Kyat	Yearly Kyat/Ml.	Nos	Monthly Kyat	Yearly Kyat/Ml.	Nos	Monthly Kyat	Yearly Kyat/Ml.	Nos	Monthly Kyat	Yearly Kyat/Ml.
Local Personnel												
General Manager	1	500000	6.000	1	500000	6.000	1	500000	6.000	1	500000	6.000
Administrative Manager	1	340000	4.080	1	340000	4.080	1	344000	4.128	1	344000	4.128
Financial Manager	1	340000	4.080	1	340000	4.080	1	344000	4.128	1	344000	4.128
Marketing Manager	2	340000	8.160	2	340000	8.160	2	344000	8.256	2	344000	8.256
Factory Manager	1	340000	4.080	1	340000	4.080	1	344000	4.128	1	344000	4.128
Supervisor	2	180000	4.320	2	180000	4.320	2	182000	4.368	2	182000	4.368
Office Staff	2	180000	4.320	2	180000	4.320	2	182000	4.368	2	182000	4.368
Office Staff	7	165000	13.860	7	165000	13.860	7	167000	14.028	7	167000	14.028
Office Staff	10	150000	18.000	10	150000	18.000	10	152000	18.240	10	152000	18.240
Asst: Engineer	3	210000	7.560	3	210000	7.560	3	212000	7.632	3	212000	7.632
Technician	6	165000	11.880	6	165000	11.880	6	167000	12.024	6	167000	12.024
Production Supervisor	5	180000	10.800	5	180000	10.800	5	182000	10.920	5	182000	10.920
Quality Control	3	165000	5.940	3	165000	5.940	3	200000	7.200	3	210000	7.560
Machine operator	180	150000	324.000	190	150000	342.000	190	152000	346.560	190	152000	346.560
Workers	100	120000	144.000	100	120000	144.000	100	122000	146.400	100	122000	146.400
Driver	2	150000	3.600	2	150000	3.600	2	152000	3.648	2	152000	3.648
Security	4	120000	5.760	4	120000	5.760	4	122000	5.856	4	122000	5.856
Total -	330		580.440	340		598.440	340		607.884	340		608.244

WIN & WIN COMPANY LIMITED
VENEER FACTORY
DIRECT OVERHEAD EXPENSES

Schedule - 14
Kyat in Million

Sr.No	Particulars	Yr.1	Yr.2	Yr.3	Yr.4	Yr.5 To Yr.10	Yr.11 To Yr.15
1	Electricity	50.00	55.00	60.00	65.00	65.00	65.00
2	Repair & Maintenance	30.00	35.00	40.00	45.00	45.00	45.00
3	Water Consumption	18.00	20.00	22.00	24.00	24.00	24.00
4	Rental-Land & Building	52.98	52.98	52.98	52.98	52.98	52.98
	CASH PAYMENT	**150.98**	**162.98**	**174.98**	**186.98**	**186.98**	**186.98**
	Non - Cash						
1	Depreciation	64.61	64.61	64.61	64.61	64.61	64.61
	TOTAL	**215.59**	**227.59**	**239.59**	**251.59**	**251.59**	251.59

WIN & WIN COMPANY LIMITED

VENEER FACTORY

ADMINISTRATION EXPENSES

Schedule - 15
Kyat in Million

Sr.No	Particulars	Yr.1	Yr.2	Yr.3	Yr.4	Yr. 5 To 10	Yr. 11 To 15
1	Travelling Expenses	10.00	15.00	20.00	25.00	25.00	25.00
2	Social security	2.00	2.00	2.00	2.00	2.00	2.00
3	Insurance	3.00	3.00	3.00	3.00	3.00	3.00
4	Petrol,Oil & Lubricant	21.00	22.00	23.00	24.00	24.00	24.00
	CASH	**36.00**	**42.00**	**48.00**	**54.00**	**54.00**	**54.00**
	Non- Cash						
1	Depreciation	3.96	3.96	3.96	3.96	3.96	3.96
	TOTAL	**39.96**	**45.96**	**51.96**	**57.96**	**57.96**	**57.96**

WIN & WIN COMPANY LIMITED
VENEER FACTORY
Depreciation Schedule

Schedule -16
Kyat in Million

Sr No	Particulars	Kyat	%	Depreciation Kyat
1	Machinery & Equipments (Import)	742.05	7.5%	55.65
2	Machinery & Equipments (Local)	5.20	7.5%	0.39
3	Building (Import)	107.00	5.0%	5.35
4	Building (Local)	64.23	5.0%	3.21
		918.48		64.61
5	Office furniture, fixtures	1.42	10%	0.14
6	Office Equipment	4.35	12%	0.52
7	Vehicles	33.00	10%	3.30
	Total	38.77		3.96
	Grand Total	957.25		68.57

FINANCIAL EVALUATION

The following financial indicators should be reflected according to the datas & informations, received .

a. The statement of Financial Position reflected Income,Expenses & benefits for ten years for the whole Factory;

b. The statement of Cash Flow reflected Surpluses for ten years for the whols Factory;

c. The Profit and Cash Surplus indicate the good performance of the business as well as Working Capital.

FINANCIAL RATIOS

INCOME & EXPENDITURE RATIOS **Kyat in Million**

Financial Yr	Income	Expenditure	Operating Ratio	Net Profit	Net Profit Ratio
1	2,641.00	2,461.82	93.22	179.18	6.78
2	2,812.00	2,629.90	93.52	182.10	6.48
3	2,986.80	2,803.29	93.86	183.51	6.14
4	3,176.04	2,991.26	94.18	184.78	5.82
5	3,176.04	2,993.92	94.27	182.12	5.73
6	3,176.04	2,993.92	94.27	182.12	5.73
7	3,176.04	2,993.92	94.27	182.12	5.73
8	3,176.04	2,993.92	94.27	182.12	5.73
9	3,176.04	2,993.92	94.27	182.12	5.73
10	3,176.04	2,993.92	94.27	182.12	5.73
11	3,204.54	3,017.49	94.16	187.05	5.84
12	3,204.54	3,017.49	94.16	187.05	5.84
13	3,204.54	3,017.49	94.16	187.05	5.84
14	3,204.54	3,017.49	94.16	187.05	5.84
15	3,204.54	3,017.49	94.16	187.05	5.84

(2) BREAK EVEN

INVESTMENT **Kyat in Million** 1,057.25

Financial Yr	Net Profit after tax		Depreciation		Preliminary		Total	Accumulated Total
1	179.18	+	68.57	+	-	=	247.75	247.75
2	182.10	+	68.57	+	-	=	250.66	498.42
3	183.51	+	68.57	+	-	=	252.07	750.48
4	184.78	+	68.57	+	-	=	253.35	1003.84
5	182.12	+	68.57	+	-	=	250.69	1254.53
6	129.09	+	68.57	+	-	=	197.66	1452.19
7	129.09	+	68.57	+	-	=	197.66	1649.85
8	129.09	+	68.57	+	-	=	197.66	1847.51
9	129.09	+	68.57	+	-	=	197.66	2045.18
10	129.09	+	68.57	+	-	=	197.66	2242.84
11	140.29	+	68.57	+	-	=	208.86	2451.70
12	140.29	+	68.57	+	-	=	208.86	2660.55
13	140.29	+	68.57	+	-	=	208.86	2869.41
14	140.29	+	68.57	+	-	=	208.86	3078.27
15	140.29	+	68.57	+	-	=	208.86	3287.13

Investment value - Accumulated Profit prior to break even period = 53.41

Break-Even Period $= \frac{53.41 \times 12}{250.69} = 2.56$

= (4)year and (3) months

Calculation of Internal Rate of Return (IRR)

INVESTMENT - 1057.25 in million

		Discount Factor 17%	Net Present Value	Discount Factor 18%	Net Present Value
Investment	1,057.25	0.8547	903.63	0.8475	895.97
YR.1	247.75	0.7305	180.99	0.7182	177.93
YR.2	250.66	0.6244	156.51	0.6086	152.56
YR.3	252.07	0.5337	134.52	0.5158	130.01
YR.4	253.35	0.4561	115.56	0.4371	110.74
YR.5	250.69	0.3898	97.73	0.3704	92.86
YR.6	197.66	0.3332	65.86	0.3139	62.05
YR.7	197.66	0.2848	56.29	0.2660	52.59
YR.8	197.66	0.2434	48.11	0.2255	44.56
YR.9	197.66	0.2080	41.12	0.1911	37.77
YR.10	197.66	0.1778	35.15	0.1619	32.01
YR.11	208.86	0.1520	31.74	0.1372	28.66
YR.12	208.86	0.1299	27.13	0.1163	24.29
YR.13	208.86	0.1110	23.19	0.0985	20.58
YR.14	208.86	0.0949	19.82	0.0835	17.44
YR.15	208.86	0.0811	16.94	0.0708	14.78
	3,287.13		931.83		893.09
			28.20		(2.89)

$$IRR = r1 + \frac{N1}{N1 - N2} \times (r2 - r1)$$

$$IRR = 17 + \frac{28.20}{28.20 \quad - \quad -2.89} \times 1$$

$$IRR = 17 + \frac{28.20}{28.20 \quad + \quad 2.89} \times 1$$

$$IRR = 17 + \frac{28.20}{31.08} \times 1$$

IRR = 17 + 0.91%

IRR = 17.91%

Product Photo

သစ်ပါးလွှာ



အထပ်သား



လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
နေပြည်တော်

စာအမှတ်၊ ၂(၅) ၃ - ၇၃ /နပတ(ဥပဒေ)

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မေလ ၂၄ ရက်

အကြောင်းအရာ။ **သက်တမ်းတိုးမြှင့်လုပ်ကိုင်မည့် ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း) အပေါ် သဘောထားမှတ်ချက်နှင့် အကြံပြုချက်များပြန်ကြားပေးပါရန် ကိစ္စ**

ရည်ညွှန်းချက်။ (၁) စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ ၁၃-၃-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁၅၀၆ (၁-စမ) ၂၀၁၅/ ဝါးရမ်း/ ၂၅၆

(၂) စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ ၉-၃-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၅၀၆ (၁-စမ) ၂၀၁၅/ ဝါးရမ်း/ ၂၃၆

၁။ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် Win & Win Co., Ltd တို့ ချုပ်ဆိုမည့် စက်ဘီးစက်ရုံ(ကျောက်ဆည်)အား ဝါးရမ်းရေးသဘောတူစာချုပ်ကို သက်တမ်းတိုးပြင်ဆင် ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)များအပေါ် သဘောထားမှတ်ချက်ပေးနိုင်ပါရန် ရည်ညွှန်းချက်(၁)ပါစာဖြင့် ထပ်မံမေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ အထက်ပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ရည်ညွှန်းချက်(၂)ပါစာဖြင့် ပထမအကြိမ်စာချုပ် (မူကြမ်း)ကို ပေးပို့ခဲ့ပါသည်။ ထို့နောက် နှစ်ဖက်စာချုပ်ဝင်တို့ ထပ်မံညှိနှိုင်း၍ ပြင်ဆင် ဖြည့်စွက်ပြုစု ထားသည့် ပြင်ဆင်ချက်စာချုပ် (မူကြမ်း)အား ရည်ညွှန်းချက်(၁)ပါစာဖြင့် ထပ်မံပေးပို့လာပြီး ရည်ညွှန်း ချက်(၂)ပါစာအား ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန်နှင့် ရည်ညွှန်းချက်(၁)ပါစာဖြင့် ပေးပို့လာသော စာချုပ် (မူကြမ်း)အပေါ် အကြံပြုပေးပါရန် ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

လျှို့ဝှက်

၂

၃။ ရည်ညွှန်းချက်(၂)ပါစာဖြင့် ပေးပို့လာသော ပြင်ဆင်ချက်စာချုပ်(မူကြမ်း)အပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်၍ အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည်-

(က) ပြင်ဆင်ချက်စာချုပ်(မူကြမ်း)၏ စာချုပ်ဝင်များအပိုဒ် (ဂ)နှင့် စာချုပ်(မူကြမ်း)ပါ ကွက်လပ်နေရာများအား စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးချိန်တွင် ပြည့်စုံစွာ ဖြည့်သွင်းပြီးဖြစ်ရန် လိုအပ်ပါသည်၊

(ခ) ပြင်ဆင်ချက်စာချုပ်(မူကြမ်း)၏ အပိုဒ် ၂ တွင် ဖော်ပြထားသော အစားထိုးပြင်ဆင်မည့် နောက်ဆက်တွဲ(င)သည် ယခုစာချုပ်နှင့်အတူ ပူးတွဲပါဝင်မှုမရှိပါ။ နောက်ဆက်တွဲများသည် စာချုပ်၏တစ်စိတ်တစ်ဒေသဖြစ်သောကြောင့် စာချုပ်ချုပ်ဆိုချိန်တွင် ပူးတွဲပါရှိပြီးဖြစ်ရန် လိုအပ်ပါသည်၊

(ဂ) ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပိုဒ် ၅ တွင် B.O.T စနစ်ဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ "မူလစာချုပ်၏ အပိုဒ် ၃ တွင် ငှားရမ်းမည့်ပစ္စည်းများမှာ စက်ဘီးစက်ရုံနှင့် စက်မှုအဆောက်အဦ(၁၆)လုံး၊ ဝန်ထမ်းအိမ်ရာ(၃၂)လုံး၊ ဂိုဒေါင်(၇)လုံး၊ စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မော်တော်ယာဉ်များဖြစ်ကြောင်း ဖော်ပြပစ္စည်းများသည် တည်ရှိပြီးပစ္စည်းများဖြစ်ကြောင်း တွေ့ရှိရပါသည်။ B.O.T စနစ် (Build. Operate, Transfer) ဆိုသည်မှာ ငှားရမ်းမည့်စက်ရုံမြေပေါ်တွင် အငှားချထားခြင်းခံရသူမှ အဆောက်အဦအသစ် တည်ဆောက်၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ပြီး ငှားရမ်းသက်တမ်းကုန်ဆုံးသည့်အချိန်တွင် အဆိုပါရင်းတည်ဆောက်ထားသည့်အဆောက်အဦကို အငှားချထားသူသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်စနစ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ B.O.T စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါကယင်းစနစ်အတွက်လိုအပ်သောအချက်အလက်များနှင့် ပြည့်စုံကိုက်ညီမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်၊

လျှို့ဝှက်

(ဃ) လိုအပ်သောနေရာအချို့တွင် ခင်နီဖြင့် ပြင်ဆင်ပေးလိုက်ပါသည်။

၄။ ဤစာချုပ်(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကိုဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၅။ Win & Win Co., Ltd သည် ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေး အင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူ ဟုတ် မဟုတ် စသည်တို့အတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများ တောင်းယူစိစစ်သင့်ပါသည်။

၆။ ဤ စာချုပ်(မူကြမ်း) ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်ပေးပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။

၇။ ဤအကြံပြုချက်ကို လျှို့ဝှက်အဆင့်သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ကျော်ဆန်း)

ညွှန်ကြားရေးမှူးချုပ်

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
စက်မှုဝန်ကြီးဌာန

မိတ္တူ - ရုံးလက်ခံ / မျှောစာတွဲ

KS ရှေ့ချုပ်ရုံး + ကော်ပို့ရေး ကုမ္ပဏီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

စာအမှတ်၊ ၁၅၀၆(၁-နပဖ) ၂၀၁၅/ငှားရမ်း/ ၄၄၉

ရက် စွဲ၊ ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်

အကြောင်းအရာ။ **စက်ရုံငှားရမ်း (၅၀+၁၀+၁၀)နှစ် သက်တမ်းတိုးမြှင့်သည့် ပထမအကြိမ် ပြင်ဆင်စာချုပ် (မူကြမ်း) ပေးပို့ခြင်း**

ဤလုပ်ငန်းလက်အောက်ရှိစက်ဘီးစက်ရုံ(ကျောက်ဆည်)အား Win & Win Co.,Ltd သို့ (၁.၅.၂၀၁၁)ရက်နေ့မှ(၃၀.၄.၂၀၆၁)ရက်နေ့ထိ ငှားရမ်းကာလ နှစ်ရှည်(၅၀+၁၀+၁၀)နှစ် တိုးမြှင့်သည့် ပထမအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်အား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်အရ ပြင်ဆင်ပြီးဖြစ်ပါ၍ စာချုပ်မူကြမ်း(၁)စုံအား သိသာပါရန်နှင့် လိုအပ်သည်များ ဆက်လက် ဆောင်ရွက်နိုင်ပါရန် ပူးတွဲပေးပို့အပ်ပါ သည်။

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)

(ဒေါက်တာစိုးနိုင်အထွေထွေမန်နေဂျာ)

<u>မန်နေဂျင်းဒါရိုက်တာ</u>

<u>Win & Win Co.,Ltd</u>

မိတ္တူကို/

- စက်ရုံတာဝန်ခံ၊စက်ဘီးစက်ရုံ(ကျောက်ဆည်)
- ရုံးလက်ခံ
- မျှောစာတွဲ

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

နှင့်

Win & Win Co.,Ltd

တို့

ချုပ်ဆိုသော

စက်ဘီးစက်ရုံ(ကျောက်ဆည်)

အား

BOTစနစ်ဖြင့် ငှားရမ်းဆောင်ရွက်သည့် သဘောတူစာချုပ်အပေါ်

ပထမအကြိမ်သက်တမ်းတိုးမြှင့်လုပ်ကိုင်သည့် ပြင်ဆင်ချက်သဘောတူစာချုပ်

ရက်စွဲ၊ ၂၀၁၅ ခုနှစ် လ ရက်

ကန့်သတ်

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

နှင့်

Win & Win Co.,Ltd တို့ ချုပ်ဆိုထားသော

စက်ဘီးစက်ရုံ(ကျောက်ဆည်) အား BOT စနစ်ဖြင့် ငှားရမ်းသည့် သဘောတူစာချုပ်အပေါ်

ပထမအကြိမ်သက်တမ်းတိုးမြှင့်လုပ်ကိုင်သည့် ပြင်ဆင်ချက်သဘောတူစာချုပ်

ဤ ပြင်ဆင်ချက် သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်   လ ( )ရက်နေ့တွင် နေပြည်တော်ရှိ ဦးခင်မောင်တင့် ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)(နောင်တွင် "အငှားချထားသူ" ဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ရာထူးဆက်ခံသူများနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်။) က တစ်ဖက်နှင့် ဦးဝင်းဆွေအမျိုးသားမှတ်ပုံတင်အမှတ် ၁၂/လသန(နိုင်) ၀၀၇၃၇၇ ကိုယ်စားပြုသော Win & Win Co.,Ltd အမှတ်(၆)ဖြိုးပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (နောင်တွင်အငှားချထားခြင်းခံရသူဟုခေါ်ဆိုမည်ဖြစ်ပြီးယင်းစကားရပ်၌ ရာထူးဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ဥပဒေအရလွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က အခြားတစ်ဖက်တို့သည်-

(က) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ကျောက်ဆည်မြို့အရှေ့ဘက် (၅)မိုင် (၁)ဖာလုံအကွာရှိစက်ဘီးစက်ရုံ(ကျောက်ဆည်)၏မြေ(၂၇.၆၅)ဧကနှင့်စက်ရုံအဆောက်အဦ၊စက်ပစ္စည်းကိရိယာများ ရုံးသုံးပရိဘောဂနှင့် မော်တော်ယာဉ်များကို(၃၀+၁၀+၁၀) နှစ်၊ နှစ်ရှည်နှစ်(၅၀)ထိ BOT စနစ်ဖြင့် ငှားရမ်းခွင့်ကို (၂၅.၇.၂၀၁၃)နေ့ တွင်ပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂၃/၂၀၁၃)မှ သဘောတူခွင့်ပြုခဲ့ပြီး စက်ဘီးထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ဆေးရုံသုံးကုတင်၊ ပရိဘောဂနှင့်အိမ်သုံးပရိဘောဂပစ္စည်းများထုတ်လုပ်ပြီး ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချရေး ဆောင်ရွက်ရန်သဘောတူ စာချုပ်ကို ၂၀၁၃ ခုနှစ်၊ ဧပြီလ(၃၀)ရက်နေ့တွင် နှစ်ဦးသဘောတူ စာချုပ် (နောင်တွင်မူလစာချုပ်ဟုခေါ်ဆိုမည်ဖြစ်ပါသည်။) ချုပ်ဆို၍ လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

(ခ) ယင်းသို့ လုပ်ငန်းဆောင်ရွက်ရာတွင် မူလစာချုပ်၏ သက်တမ်းကို (၁.၅.၂၀၁၃)မှ (၃၀.၄.၂၀၆၃)ထိ (၅၀)နှစ်အပေါ် တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် (၂)ကြိမ် သက်တမ်းတိုးမြှင့်ငှားရမ်းဆောင်ရွက်ရန် ဤပြင်ဆင်ချက်သဘောတူ စာချုပ်ကို စာချုပ်ဝင်များအကြား ချုပ်ဆိုခြင်းဖြစ်ပါသည်။

ကန့်သတ်

(ဂ) စက်မှုဝန်ကြီးဌာန၏ ၂၆.၃.၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၃၄/၂၀၁၄-၂၀၁၅)အရ အထည်အလိပ်လုပ်ငန်းနှင့် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း တို့ကိုပူးပေါင်း၍ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း အဖြစ်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

(ဃ) ဤပထမအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏( )ရက်စွဲပါခွင့်ပြုချက်အမိန့်ကြော်ငြာစာအမှတ် ( ) ဖြင့် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့သည် မူလစာချုပ်ကိုပြင်ဆင်သည့် ဤပထမအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်အား အောက်ပါ သဘောတူညီချက်များ နှင့်အညီ ချုပ်ဆိုရခြင်း ဖြစ်ပါသည် -

၁။ မူလစာချုပ်၏ရည်ရွယ်ချက်ခေါင်းစဉ်အောက်ရှိအပိုဒ်(၁)အားပယ်ဖျက်၍ အောက်ပါ စာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

ရည်ရွယ်ချက်

၁။ "အငှားချထားသူ"ပိုင်ဆိုင်သောမန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်စက်မှုနယ်မြေရှိ စက်သီးစက်ရုံ(ကျောက်ဆည်)၏ မြေ(၂၇.၆၅)ဧကနှင့်စက်ရုံ၊ အဆောက်အဦ၊ စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂနှင့် မော်တော်ယာဉ်များကို "အငှားချထားခြင်းခံရသူ" မှ ငှားရမ်း၍ စက်သီးထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဆေးရုံသုံးကုတင်၊ ပရိဘောဂနှင့်သစ်ပါးလွှာစက်ရုံ၊ ပရိဘောဂနှင့်ကိရိယာ တန်ဆာပလာပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး ပြည်တွင်း/ပြည်ပသို့တင်ပို့ရောင်းချရေး တိုးချဲ့ဆောင်ရွက်ရန် ရည်ရွယ်၍ ဤသက်တမ်းတိုးမြှင့်ငှားရမ်းသည့် သဘောတူစာချုပ်ကို ချုပ်ဆိုခြင်းဖြစ်ပါသည်။

၂။ မူလစာချုပ်၏ အငှားချထားမည့်ပစ္စည်းများခေါင်းစဉ် အပိုဒ်(၃)အောက်ရှိ အပိုဒ်ခွဲ(စ)ပါ မော်တော်ယာဉ်စာရင်း နောက်ဆက်တွဲ(င)အား ပယ်ဖျက်၍ ပူးတွဲပါနောက်ဆက်တွဲ(င)ဖြင့် အစားထိုးပြင်ဆင်ရမည်။

၃။ မူလစာချုပ်၏ ငှားရမ်းမည့်အချိန်ကာလခေါင်းစဉ်အောက်ရှိ အပိုဒ်(၄)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

ငှားရမ်းမည့်အချိန်ကာလ

၄။ ငှားရမ်းမည့်အချိန်ကာလမှာ (၁.၅.၂၀၁၃)နေ့မှ (၃၀.၄.၂၀၆၃)ရက်နေ့အထိ (၅၀)နှစ်နှင့် သက်တမ်းတိုးမြှင့်ငှားရမ်းလိုပါက၊ သက်တမ်းတစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့်(၂)ကြိမ် သက်တမ်းတိုးမြှင့် ငှားရမ်းနိုင်သည်။

၄။ မူလစာချုပ်၏ စာချုပ်သက်တမ်းခေါင်းစဉ်အောက်ရှိ အပိုဒ်(၅)အား ပယ်ဖျက်၍ အောက်ပါ စာပိုဒ်ဖြင့် အစားထိုးဖြည့်စွက်ရမည် -

စာချုပ်သက်တမ်း

၅။ စာချုပ်သက်တမ်းမှာ (၁.၅.၂၀၁၁)ရက်နေ့မှစ၍ (၃၀.၄.၂၀၆၁)ရက်နေ့အထိ BOTစနစ်ဖြင့်(၅၀)နှစ်နှင့် သက်တမ်းတိုးမြှင့်ငှားရမ်းလိုပါက သက်တမ်းတစ်ကြိမ်လျှင်(၁၀)နှစ်ဖြင့် (၂)ကြိမ်သက်တမ်းတိုးမြှင့် ငှားရမ်းနိုင်သည်၊ သက်တမ်းတိုးဆောင်ရွက်ခြင်းကို စက်မှုဝန်ကြီးဌာန၊ ပန္နည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီအစည်းအဝေးသို့ အတည်ပြုချက် တင်ပြ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၅။ မူလစာချုပ်ပါ လွှဲပြောင်းပေးမည့် ဝန်ထမ်းခေါင်းစဉ်နှင့်ခေါင်းစဉ်အောက်ရှိ အပိုဒ်(၆) အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးဖြည့်စွက်ရမည်-

မြင်းခြံဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်း

၆။ မြင်းခြံဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်းဟင်အားမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

စဉ်	လစာနှုန်း	လူဦးရေ
(က)	၃၄၀၀၀၀ိ-၄၀၀၀ိ-၃၆၀၀၀၀ိ	၁ ဦး
(ခ)	၃၁၀၀၀၀ိ-၄၀၀၀ိ-၃၃၀၀၀၀ိ	၁ ဦး
(ဂ)	၂၈၀၀၀၀ိ-၄၀၀၀ိ-၃၀၀၀၀၀ိ	၁ ဦး
(ဃ)	၂၅၀၀၀၀ိ-၄၀၀၀ိ-၂၇၀၀၀၀ိ	၄ ဦး
(င)	၁၉၅၀၀၀ိ-၂၀၀၀ိ-၂၁၅၀၀၀ိ	၈ ဦး
(စ)	၁၈၀၀၀၀ိ-၂၀၀၀ိ-၁၉၀၀၀၀ိ	၈ ဦး
(ဆ)	၁၆၅၀၀၀ိ-၂၀၀၀ိ-၁၇၅၀၀၀ိ	၃၉ ဦး
(ဇ)	၁၅၀၀၀၀ိ-၂၀၀၀ိ-၁၆၀၀၀၀ိ	၅၄ ဦး
(ဈ)	၁၃၅၀၀၀ိ-၂၀၀၀ိ-၁၄၅၀၀၀ိ	၆၂ ဦး
(ည)	၁၂၀၀၀၀ိ-၂၀၀၀ိ-၁၃၀၀၀၀ိ	၁၀ ဦး
(ဋ)	နေ့စား ၃၀၀၀ိ/	၁
စုစုပေါင်း		၁၇၈ ဦး

၆။ မူလစာချုပ် အပိုဒ်(၇)နှင့်အပိုဒ်ခွဲ(က)ပါ လွှဲပြောင်းပေးမည့်ဝန်ထမ်းများ စာသားအစား ပြင်ပဝန်ထမ်း စည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်းများ ဟုအစားထိုးပြင်ဆင်ရမည်။

၇။ မူလစာချုပ်၏ ငှားရမ်းခနှုန်းထားခေါင်းစဉ်အောက်ရှိ အပိုဒ်(၉)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

၉။ ငှားရမ်းခနှုန်းထားအား(၂)နှစ် တစ်ကြိမ်ပြန်လည်သုံးသပ်၍ ငှားရမ်းမကန့်ဘိုး၏ (၂%) မှ(၅%) အတွင်း နှစ်ဖက်ညှိနှိုင်း၍ စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီသို့ တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်သတ်မှတ်နိုင်သည်။

၈။ မူလစာချုပ်၏ငှားရမ်းခပေးချေခြင်းခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၀)နှင့်(၁၁)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်များဖြင့် အစားထိုးပြင်ဆင်ရမည် -

၁၀။ "အငှားချထားခြင်းခံရသူ"သည် ငှားရမ်းခကျသင့်ငွေကို(၃)လလျှင်တစ်ကြိမ် ပထမလ၏ (၁၅)ရက်အတွင်းပေးသွင်းရမည်။ ပေးသွင်းရန်ပျက်ကွက်ပါက နောက်ကျကြေးအဖြစ် တစ်လနောက်ကျတိုင်း(၃)လအတွက် ပေးသွင်းရမည့်ငွေ၏ (၀.၅%) (သုညဒသမငါးရာခိုင်နှုန်း)ကိုဒဏ်ကြေးအဖြစ်သတ်မှတ်၍နောက်ကျသည့်ရက်များအတွက် တွက်ချက်ပေးဆောင်ရမည်။

၁၁။ "အငှားချထားသူ"နှင့်"အငှားချထားခြင်းခံရသူ"သည် လိုအပ်ပါက (၂)နှစ်လျှင်(၁) ကြိမ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ပြန်လည်သုံးသပ်၍ စာချုပ်ဝင်နှစ်ဦးနှစ်ဖက် သဘောတူညီပါကငှားရမ်းခပေးချေမည့်အစီအစဉ်အား စက်မှုဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီ၏ဆုံးဖြတ်ချက်နှင့် ပြန်လည်ပြင်ဆင် ဆောင်ရွက်နိုင်သည်။

၉။ မူလစာချုပ်၏ စာချုပ်သက်တမ်းတိုးခြင်းခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၇)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

၁၇။ "အငှားချထားခြင်းခံရသူ"သည် မူလ(၅၀)နှစ်ငှားရမ်းပြီးနောက် နောက်ထပ်(၁၀)နှစ် (၂)ကြိမ်ငှားရမ်းပါကငှားရမ်းခနှုန်းထားကို(၂)နှစ်တစ်ကြိမ်နှစ်ဦးနှစ်ဖက်ညှိနှိုင်းသတ်မှတ်ရမည်။ တိုးမြှင့်လာသည့် ငှားရမ်းခနှုန်းထားသည် ယခင်ရှိရမည့် ငှားရမ်းခနှုန်းထား၏ (၂%)မှ(၅%) အတွင်းမပို/မလျော့နည်းစေရန် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရမည်။ ထိုသို့ သက်တမ်း တိုးမြှင့်ခြင်း၊ ငှားရမ်းခနှုန်းထား ပြင်ဆင်ခြင်းတို့သည် စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်စေရမည်။ စာချုပ်သက်တမ်းတိုးခြင်းကို (၁၀)နှစ်(၂)ကြိမ်သာ ဖြစ်ပါသည်။

၁၀။ မူလစာချုပ်၏ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း ခေါင်းစဉ်အောက်ရှိအပိုဒ်(၁၈)အားပယ်ဖျက်၍ အောက်ပါအတိုင်းဖြင့် အစားထိုးပြင်ဆင်ရမည်-

၁၈။ "အငှားချထားခြင်းခံရသူ"သည် မူလ ငှားရမ်းခြင်း (၃၀)နှစ်ပြည့်ပြီးနောက် (၁၀)နှစ် သက်တမ်း နှစ် ကြိမ် တိုးမြှင့် ငှားရမ်းပြီး ငှားရမ်း ခြင်းကာလ ကုန် ဆုံးသည့်အခါ ဖြစ်စေ၊ ငှားရမ်းခြင်းရပ်စဲသည့်အခါဖြစ်စေ ယင်းသို့ကုန်ဆုံးသည့်နေ့(သို့မဟုတ်)ရပ်စဲသည့်နေ့မှ (၃၀)ရက်အတွင်းအငှားချထားသည့် စက်ရုံမြေအဆောက်အဦနှင့်စက်ကိရိယာများကို "အငှားချထားသူ"သို့အပိုးစားနားမပါရှိဘဲ ကောင်းမွန်သောအနေအထားဖြင့် ပြန်လည် လွှဲပြောင်းပေးအပ် ပေးအပ် ရမည်။ သို့ရာတွင် အကျိုး အကြောင်း ဆီလျော်မှုရှိ သော ပျက်စီးမှုများအတွက်ပြောင်းလဲမှုများကို ခွင့်ပြုလက်ခံနိုင်သည်၊ အကယ်၍ အသုံးပြုလို ခြင်းမရှိသော စက် ပစ္စည်း ကိရိယာများ၊ ရုံးသုံး ပစ္စည်းများနှင့် အခြား ပရိ ဘောဂ များရှိပါက အငှား ချထားသူသို့ ညှိနှိုင်း၍ စနစ် တကျလွှဲပြောင်း ပေး နိုင်ပါသည်။ အငှားချထား သည့် စက်ရုံတွင်တပ် ဆင်မှုများ ပုံစံပြောင်း လဲမှုနှင့် တိုးချဲ့မှုများ အား လုံးသည် ငှားရမ်းခြင်း စာချုပ် သက်တမ်းကုန်ဆုံး သည့်အချိန်တွင် အခ ကြေးငွေ ပေးရန်မလိုဘဲ "အငှားချထားသူ" ပိုင် ပစ္စည်းများ အလို အလျောက်ဖြစ်လာရ မည်။ အကယ်၍ မိမိ တပ် ဆင်ထားသော ပစ္စည်း များအား အငှားချထား သည့် အဆောက်အဦ လွှဲပြောင်းချိန်တွင်ပြန်လည်ဖြုတ်ယူသွားလိုပါက ယင်းပစ္စည်းများအား တပ်ဆင်ခြင်း မပြုမီကတည်းက နှစ်ဖက်ညှိနှိုင်းအတည်ပြုချက်ရယူထားရ မည်၊ သို့ရာတွင် လေအေး ပေးစက်များ၊ လျှပ်စစ် ထုတ်စက်များနှင့် အခြား ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကိုမူ ထားခဲ့ ရန်မလိုဘဲ ဖြုတ်ယူသွား နိုင်သည်။

၁၁။ မူလစာချုပ်တွင်မပါဝင်သော အာမခံထားရှိခြင်းခေါင်းစဉ်အား အပိုဒ်(၂၆)အဖြစ် အောက်ပါ အတိုင်းဖြင့်ထပ်မံဖြည့်စွက်ရမည်-

အာမခံထားရှိခြင်း

၂၆၊ အငှားချထားခြင်းခံရသူသည် တစ်နှစ်ငှားရမ်းခ၏ ၁၀%နှင့်ညီမျှသော တစ်ပိုးအား လုပ်ငန်းဆောင်ရွက်မှုအာမခံ(Performance Bank Guarantee)အဖြစ်မြန်မာစီးပွား ရေးဘဏ် ဘဏ်ခွဲ(၃) ရန်ကုန်မြို့ (သို့မဟုတ်)မြန်မာစီးပွားရေးဘဏ်(နေပြည်တော်) တွင် အပ်နှံထားရှိ၍ထားရှိမှုမှတ်တမ်းအားအမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ယာခင်ကျွန်းနှင့် ဒိစ်သုံးပစ္စည်းလုပ်ငန်း)တွင် သိမ်းဆည်းထားရှိရမည်။

၁၂။ မူလစာချုပ်၏ အပိုဒ်(၂၆)(၂၇)(၂၈)(၂၉)(၃၀)(၃၁)အား အပိုဒ်(၂၇)(၂၈)(၂၉)(၃၀)(၃၁)(၃၂)အဖြစ် အစီအစဉ်အတိုင်း ပြောင်းလဲပြင်ဆင်ရမည်။

၁၃။ ဤ ပထမအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်သည် ၂၀၁၅ ခုနှစ် လ ရက် နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်၊

၁၄။ မူလစာချုပ်နှင့် ဤ ပထမအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်ပါ စည်းကမ်းချက်များမှာ ပြောင်းလဲမှုမရှိဘဲ ဆက်လက်၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

၁၅။ ဤ ပထမအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်တွင်ပါရှိသော နောက်ဆက်တွဲများသည် မူလစာချုပ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်၊

၁၆။ ဤ ပထမအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်သည် မူလစာချုပ်၏တစ်စိတ်တစ်ဒေသ ဖြစ်သည်၊

၁၇။ ဤ ပထမအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်သည် နိုင်ငံတော်မူဝါဒအရ ပြင်ဆင်ရန် လိုအပ်ပါက နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ပြင်ဆင်ချုပ်ဆိုနိုင်သည်၊

၁၈။ ဤပထမအကြိမ်ပြင်ဆင်ချက်သဘောတူစာချုပ်အား ၂၀၁၅ ခုနှစ် လ( )ရက်နေ့ တွင် "အငှားချထားသူ"နှင့်"အငှားချထားခြင်းခံရသူ"တို့ အောက်ပါအသိသက်သေများ ရှေ့မှောက်တွင် သဘောတူလက်မှတ်ရေးထိုးကြပါသည်-

<u>အငှားချထားသူ(ကိုယ်စား)</u> <u>အငှားချထားခြင်းခံရသူ(ကိုယ်စား)</u>

ဦးခင်မောင်တင့်
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
(ယာဉ်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

ဦးဝင်းဆွေ
အုပ်ချုပ်မှုဒါရိုက်တာ၊
Win & Win Co.,Ltd

အသိသက်သေ

ဒေါက်တာစိုးနိုင်
အထွေထွေမန်နေဂျာ
နည်းပညာဖွံ့ဖြိုးရေးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
(ယာဉ်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

ဦးကျော်မြင့်
ဒါရိုက်တာ
Win & Win Co.,Ltd

ဦးသန်းထွန်း
အထွေထွေမန်နေဂျာ
အရည်အသွေးထိန်းသိမ်းရေးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

ဦးသက်ဇော်အောင်
မန်နေဂျာ
Win & Win Co.,Ltd

ဒေါ်ခင်ခင်မျို
အထွေထွေမန်နေဂျာ
ဘဏ္ဍာရေးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

ဦးဟန်တင်
မန်နေဂျာ
Win & Win Co.,Ltd

စက်သီးစက်ရုံ(ကျောက်ဆည်)

မော်တော်ယာဉ်များစာရင်း

စဉ်	ယာဉ် အမှတ်	ယာဉ်အမျိုးအစား	ပွဲဆီအမျိုးအစား		ယာဉ်အခြေ အနေ	မှတ် ချက်
			ဓါတ်ဆီ	ဒီဇယ်ဆီ		
၁	၁ဂ/၁၈၂၅	Toyota Corolla	-	ဒီဇယ်ဆီ	အသုံးပြု၍ရ၊	
၂	၆ခ/၄၃၅၇	Mazda Jeep	ဓါတ်ဆီ	-	အသုံးပြု၍ရ၊	
၃	၅ခ/၁၄၇၈	Mazda Jeep	ဓါတ်ဆီ	-	အသုံးပြု၍ရ၊	
၄	၇ခ/၁၁၉၄	TA TA Bus	-	ဒီဇယ်ဆီ	အသုံးပြု၍ရ၊	
၅	၇ခ/၁၁၇၃	TA TA Mini Bus	-	ဒီဇယ်ဆီ	အသုံးပြု၍ရ၊	
၆	၁ဌ/၁၁၁၉	Fork Lift(2 Ton)	-	ဒီဇယ်ဆီ	အသုံးပြု၍ရ၊	
၇	၆ခ/၁၈၄၆	Hino TE.21	-	ဒီဇယ်ဆီ	အသုံးပြု၍ရ၊	
၈	၇ခ/၁၈၈၃	Hino TE.21	-	ဒီဇယ်ဆီ	အသုံးပြု၍ရ၊	
၉	၆ခ/၃၃၀၀	Water Bowser	-	ဒီဇယ်ဆီ	အသုံးပြု၍ရ၊	
၁၀	၁ယ/၅၁၈	KENBO.110ဆိုင်ကယ်	ဓါတ်ဆီ	-	အသုံးပြု၍ရ၊	
၁၁	၄ယ/၈၂၇၆၄	KENBO.125ဆိုင်ကယ်	ဓါတ်ဆီ	-	အသုံးပြု၍ရ၊	
၁၂	၆ခ/၆၉၄၂	Hino TE.21	-	ဒီဇယ်ဆီ	အသုံးပြု၍မရ၊	
၁၃	၉ခ/၆၄၅၅	Hino TE.21	-	ဒီဇယ်ဆီ	အသုံးပြု၍မရ၊	
၁၄	၄ဂ/၁၅၅၁	Hino TE.21	-	ဒီဇယ်ဆီ	အသုံးပြု၍မရ။	

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

တတမှတ် ၁၅၀၆(၁.၈မ) ၂၀၁၅/ငှားရမ်း/ ၂၄၇
ရက်စွဲ၊ ၂၀၁၅ ခုနှစ် မတ်လ ၂ ရက်

သို့

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

အကြောင်းအရာ။ **စက်မှုဝန်ကြီးဌာန ၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ဘီးစက်ရုံ(ကျောက်ဆည်)အား သက်တမ်းတိုးမြှင့် ငှားရမ်းရန်ပြင်ဆင်ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်း**

၁။ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ဘီးစက်ရုံ(ကျောက်ဆည်)အား လက်ရှိ ငှားရမ်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီသို့ မူလ ငှားရမ်းသက်တမ်း အပါအဝင် (၅၀+၁၀+၁၀)နှစ်ဖြင့် သက်တမ်းတိုးမြှင့် ငှားရမ်းရန်အတွက် ပြင်ဆင်ချက် စာချုပ်ပုံစံဖြင့် ပြုစုထားပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါ စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်နှင့် အကြံပြုချက်များ ပြန်ကြားပေးပါရန် ပြင်ဆင်ချက် စာချုပ်(မူကြမ်း) (၃)အုပ်နှင့် မူလစာချုပ်(မိတ္တူ) (၁)အုပ်တို့ကို ပူးတွဲ ပေးပို့အပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး ([illegible])
(ဒေါက်တာမိုးနိုင် ညွှန်ကြားရေးမှူး)

မိတ္တူကို

မျှောလက်ခံ
မျှောစာတွဲ

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

နှင့်

Win & Win Co.,Ltd

တို့

ချုပ်ဆိုသော

စက်ဘီးစက်ရုံ(ကျောက်ဆည်)

အား

BOTစနစ်ဖြင့် ငှားရမ်းဆောင်ရွက်သည့် သဘောတူစာချုပ်အပေါ် သက်တမ်းတိုးမြှင့်လုပ်ကိုင်သည့် ပြင်ဆင်ချက်သဘောတူစာချုပ်

ရက်စွဲ၊ ၂၀၁၅ ခုနှစ် လ ရက်

ကန့်သတ်

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

နှင့်

Win & Win Co.,Ltd တို့ ချုပ်ဆိုထားသော

စက်ဘီးစက်ရုံ(ကျောက်ဆည်) အား BOT စနစ်ဖြင့် ငှားရမ်းသည့် သဘောတူစာချုပ်အပေါ်

သက်တမ်းတိုးမြှင့်လုပ်ကိုင်သည့် ဖြင့်ဆင်ချက်သဘောတူစာချုပ်

ဤ ဖြင့်ဆင်ချက် သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် လ ( )ရက်နေ့တွင် နေပြည်တော်၌ ဦးရည်မွန် ၊ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(နောင်တွင် "အငှားချထားသူ" ဟု ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအား ဆက်ခံ သူများနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) တစ်ဖက်နှင့် ဦးဝင်းဆွေ အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/လသန(နိုင်) ၀၀၇၃၅၇ ကိုယ်စားပြုသော Win & Win Co.,Ltd အမှတ်(၆)၊ ၆ မိုင်၊ ပြည်လမ်း၊ လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး (နောင်တွင်အငှားချထားခြင်းခံရသူဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူများ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က အခြားတစ်ဖက်တို့သည်-

(က) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ကျောက်ဆည်မြို့အရှေ့ဘက် (၅)မိုင် (၁)ဖာလုံအကွာရှိစက်ဘီးစက်ရုံ(ကျောက်ဆည်)၏မြေ(၂၇.၆၅)ဧကနှင့်စက်ရုံအဆောက်အဦး၊ စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂနှင့် မော်တော်ယာဥ်များကို(၃၀+၁၀+၁၀)နှစ်၊ နှစ်ရှည်နှစ်(၅၀)ကို BOT စနစ်ဖြင့်ငှားရမ်း၍ စက်ဘီးထုတ်လုပ် ခြင်းလုပ်ငန်းနှင့် ဆေးရုံသုံးကုတင်ပရိဘောဂနှင့်အိမ်သုံးပရိဘောဂပစ္စည်းများ ထုတ်လုပ်ပြီး ပြည်တွင်း/ ပြည်ပ သို့တင်ပို့ရောင်းချရေး ဆောင်ရွက်ရန် သဘောတူ စာချုပ်ကို ၂၀၁၃ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့တွင် နှစ်ဦးသဘောတူစာချုပ်(နောင်တွင်မူလစာချုပ် ဟုခေါ်ဆိုမည်ဖြစ်ပါသည်။) ချုပ်ဆို၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ခ) ယင်းသို့ လုပ်ငန်းဆောင်ရွက်ရာတွင် မူလစာချုပ်၏ သက်တမ်းကို (၁.၅.၂၀၁၃)မှ (၃၀.၄.၂၀၆၃)ထိ (၅၀)နှစ်အပေါ် တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် (၂)ကြိမ် သက်တမ်း တိုးမြှင့်ငှားရမ်းဆောင်ရွက်ရန် ဤဖြင့်ဆင်ချက်သဘောတူ စာချုပ်ကို စာချုပ်ဝင်များ အကြား ချုပ်ဆိုခြင်းဖြစ်ပါသည်။

ကန့်သတ်

(ဝ) ဤပြင်ဆင်ချက် သဘောတူစာချုပ်အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (   )ရက်စွဲပါခွင့်ပြုချက်အမှတ် (   ) ဖြင့် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍ စာချုပ်ဝင် နှစ်ဦးနှစ်ဖက်တို့သည် မူလစာချုပ်ကို ပြင်ဆင်သည့် ဤပြင်ဆင်ချက် သဘောတူစာချုပ်အား အောက်ပါ သဘောတူညီချက်များ နှင့်အညီ ချုပ်ဆိုရခြင်း ဖြစ်ပါသည် -

၁။ မူလစာချုပ်၏ရည်ရွယ်ချက်ခေါင်းစဉ်အောက်ရှိအပိုဒ်(၁)အားပယ်ဖျက်၍ အောက်ပါ စာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

ရည်ရွယ်ချက်

၁။ "အငှားချထားသူ" ပိုင်ဆိုင်သောမန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်စက်မှုနယ်မြေရှိ စက်ဘီးစက်ရုံ(ကျောက်ဆည်)၏ မြေ(၂၇.၆၅)ဧကနှင့်စက်ရုံ၊ အဆောက်အဦး စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂနှင့် မော်တော်ယာဉ်များကို "အငှားချထားခြင်းခံရသူ" မှ ငှားရမ်း၍ စက်ဘီးထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဆေးရုံသုံးကုတင်၊ ပရိဘောဂနှင့်သစ်ပါးလွှာစက်ရုံ၊ ပရိဘောဂနှင့်ကိရိယာ တန်ဆာပလာပစ္စည်းများ၊ ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး ပြည်တွင်း/ပြည်ပသို့တင်ပို့ရောင်းချရေး တိုးချဲ့ဆောင်ရွက်ရန် ရည်ရွယ်၍ ဤသက်တမ်းတိုးမြှင့်ငှားရမ်းသည့် သဘောတူစာချုပ်ကို ချုပ်ဆိုခြင်း ဖြစ်ပါသည်။

၂။ မူလစာချုပ်၏ အငှားချထားမည့်ပစ္စည်းများခေါင်းစဉ် အပိုဒ်(၃)အောက်ရှိ အပိုဒ်ခွဲ(စ)ပါ မော်တော်ယာဉ်စာရင်း နောက်ဆက်တွဲ(င)အား ပယ်ဖျက်၍ ပူးတွဲပါနောက်ဆက်တွဲ(င)ဖြင့် အစားထိုး ပြင်ဆင်ရမည်။

၃။ မူလစာချုပ်၏ ငှားရမ်းမည့်အချိန်ကာလခေါင်းစဉ်အောက်ရှိ အပိုဒ်(၄)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

ငှားရမ်းမည့်အချိန်ကာလ

၄။ ငှားရမ်းမည့်အချိန်ကာလမှာ (၁.၅.၂၀၁၃)နေ့မှ (၃၀.၄.၂၀၆၃)ရက်နေ့အထိ (၅၀)နှစ်နှင့် သက်တမ်းတိုးမြှင့်ငှားရမ်းလိုပါက၊ သက်တမ်းတစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့်(၂)ကြိမ် သက်တမ်းတိုးမြှင့် ငှားရမ်းနိုင်သည်။

၄။ မူလစာချုပ်၏ စာချုပ်သက်တမ်းခေါင်းစဉ်အောက်ရှိ အပိုဒ်(၅)အား ပယ်ဖျက်၍ အောက်ပါ စာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

စာချုပ်သက်တမ်း

၅။ စာချုပ်သက်တမ်းမှာ (၁.၅.၂၀၁၃)ရက်နေ့မှစ၍ (၃၀.၄.၂၀၆၃)ရက်နေ့အထိ BOTစနစ်ဖြင့်(၅၀)နှစ်နှင့် သက်တမ်းတိုးမြှင့်ငှားရမ်းလိုပါက၊ သက်တမ်းတစ်ကြိမ်လျှင်(၁၀)နှစ်ဖြင့် (၂)ကြိမ်သက်တမ်းတိုးမြှင့် ငှားရမ်းနိုင်သည်၊ သက်တမ်းတိုးဆောင်ရွက်ခြင်းကို စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီအစည်းအဝေးသို့ အတည်ပြုချက် တင်ပြ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၅။ မူလစာချုပ်ပါ လွှဲပြောင်းပေးမည့်ဝန်ထမ်းခေါင်းစဉ်အားပယ်ဖျက်၍ အောက်ပါခေါင်းစဉ်ဖြင့် အစားထိုးပြင်ဆင်ရမည်-

ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့်လွှဲပြောင်းပေးမည့်ဝန်ထမ်း

၆။ မူလစာချုပ်အပိုဒ်(၆)ပါ **လွှဲပြောင်းပေးမည့်ဝန်ထမ်းများ** စာသားအစား **ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်းများ** စာသားဖြင့်အစားထိုး ရမည်။

၇။ မူလစာချုပ်အပိုဒ်(၇)နှင့်အပိုဒ်ခွဲ(က)ပါ **လွှဲပြောင်းပေးမည့်ဝန်ထမ်းများ** စာသားအစား **ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့်ဝန်ထမ်းများ** စာသားဖြင့်အစားထိုး ရမည်၊

၈။ မူလစာချုပ်၏ ငှားရမ်းခနှုန်းထားခေါင်းစဉ်အောက်ရှိ အပိုဒ်(၉)အား ပယ်ဖျက်၍ အောက်ပါ အပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

၉၊ ငှားရမ်းခနှုန်းထားအား(၂)နှစ် တစ်ကြိမ်ပြန်လည်သုံးသပ်၍ ငှားရမ်းခတန်ဘိုး၏ (၂%) မှ(၅%) အတွင်း နှစ်ဖက်ညှိနှိုင်း၍ စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့် အကျွာရေးဆိုင်ရာကော်မတီသို့တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်သတ်မှတ်နိုင်သည်၊

၉၊ မူလစာချုပ်၏ငှားရမ်းခပေးချေခြင်းခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၀)နှင့်(၁၁)အား ပယ်ဖျက်၍ အောက်ပါ အပိုဒ်များဖြင့် အစားထိုးပြင်ဆင်ရမည် -

၁၀၊ "အငှားချထားခြင်းခံရသူ"သည် ငှားရမ်းခကျသင့်ငွေကို(၃)လလျှင်တစ်ကြိမ် ပထမလ၏ (၁၅)ရက်အတွင်းပေးသွင်းရမည်။ ပေးသွင်းရန်ပျက်ကွက်ပါက နောက်ကျကြေးအဖြစ် တစ်လနောက်ကျတိုင်း(၃)လအတွက် ပေးသွင်းရမည့်ငွေ၏ (၀.၅%) (သုည ဒသမငါးရာခိုင်နှုန်း)ကိုပဏ်ကြေးအဖြစ်သတ်မှတ်၍နောက်ကျသည့်ရက်များအတွက် တွက်ချက်ပေးဆောင်ရမည်၊

၁၁၊ "အငှားချထားသူ"နှင့်"အငှားချထားခြင်းခံရသူ"သည် လိုအပ်ပါက (၂)နှစ်လျှင်(၁) ကြိမ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ပြန်လည်သုံးသပ်၍ စာချုပ်ဝင်နှစ်ဦးနှစ်ဖက် သဘောတူညီပါကငှားရမ်းခပေးချေမည့်အစီအစဉ်အား စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ဆုံးဖြတ်မှုနှင့် ပြန်လည်ပြင်ဆင် ဆောင်ရွက်နိုင်သည်။

၁၀။ မူလစာချုပ်၏ စာချုပ်သက်တမ်းတိုးခြင်းခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၇)အား ပယ်ဖျက်၍ အောက်ပါ အပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

၁၇၊ "အငှားချထားခြင်းခံရသူ"သည် မူလ(၅၀)နှစ်ငှားရမ်းပြီးနောက် နောက်ထပ်(၁၀)နှစ် (၂)ကြိမ် ငှားရမ်းခနှုန်းထားကို(၂)နှစ်တစ်ကြိမ် နှစ်ဦးနှစ်ဖက်ညှိနှိုင်း သတ်မှတ်ရမည်၊ တိုးမြှင့်လာသည့်ငှားရမ်းခနှုန်းထားသည်ယခင်ရှိရမည့်ငှားရမ်းခနှုန်းထား၏(၂%)မှ(၅%) အတွင်း မပို/မလျော့နည်းစေရန် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရမည်၊ ထိုသို့သက်တမ်းတိုးမြှင့်ခြင်း၊ ငှားရမ်းခနှုန်းထားပြင်ဆင်ခြင်းတို့သည် စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏အတည်ပြုချက်ရရှိမှသာအတည်ဖြစ်စေရမည်၊ စာချုပ်သက်တမ်းတိုးခြင်းကို (၁၀)နှစ် (၂)ကြိမ်သာ ဖြစ်ပါသည်။

၁၁။ မူလစာချုပ်၏ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း ခေါင်းစဉ်အောက်ရှိအပိုဒ်(၁၈)အားပယ်ဖျက်၍ အောက်ပါအတိုင်းဖြင့် အစားထိုးပြင်ဆင်ရမည်-

၁၈။ "အငှားချထားခြင်းခံရသူ"သည် မူလ ငှားရမ်းခြင်း (၅၀)နှစ်ပြည့်ပြီးနောက် (၁၀)နှစ် သက်တမ်း နှစ် ကြိမ် တိုးမြှင့် ငှားရမ်းပြီး ငှားရမ်း ခြင်းကာလ ကုန် ဆုံးသည့်အခါ ဖြစ်စေ ငှားရမ်းခြင်းရပ်စဲသည့်အခါဖြစ်စေ ယင်းသို့ကုန်ဆုံးသည့်နေ့(သို့မဟုတ်)ရပ်စဲသည့်နေ့မှ (၃၀)ရက်အတွင်းအငှားချထားသည့် စက်ရုံမြေအဆောက်အဦနှင့်စက်ကိရိယာများကို "အငှားချထားသူ"သို့အဖိုးစားနားမပါရှိဘဲ ကောင်းမွန်သောအနေအထားဖြင့် ပြန်လည် လွှဲပြောင်းပေးအပ် ပေးအပ် ရမည်၊ သို့ရာတွင် အကျိုး အကြောင်း ဆီလျော်မှုရှိ သော ပျက်စီးမှုများအတွက်ပြောင်းလဲမှုများကို ခွင့်ပြုလက်ခံနိုင်သည်။ အကယ်၍ အသုံးပြုလို ခြင်းမရှိသော စက် ပစ္စည်း ကိရိယာများ၊ ရုံးသုံး ပစ္စည်းများနှင့် အခြား ပရိ ဘောဂ များရှိပါက အငှား ချထားသူသို့ ညှိနှိုင်း၍ စနစ် တကျလွှဲပြောင်း ပေး နိုင်ပါသည်။ အငှားချထား သည့် စက်ရုံတွင်တပ် ဆင်မှုများ၊ ပုံစံပြောင်း လဲမှုနှင့် တိုးချဲ့မှုများ အား လုံးသည် ငှားရမ်းခြင်း စာချုပ် သက်တမ်းကုန်ဆုံး သည့်အချိန်တွင် အခ ကြေးငွေ ပေးရန်မလိုဘဲ "အငှားချထားသူ" ပိုင် ပစ္စည်းများ အဖြစ် အလို အလျောက်ဖြစ်လာရ မည်၊ အကယ်၍ မိမိ တပ် ဆင်ထားသော ပစ္စည်း များအား အငှားချထား သည့် အဆောက်အဦ လွှဲပြောင်းချိန်တွင်ပြန်လည်ဖြုတ်ယူသွားလိုပါက ယင်းပစ္စည်းများအား တပ်ဆင်ခြင်း မပြုမီကတည်းက နှစ်ဖက်ညှိနှိုင်းအတည်ပြုချက်ရယူထားရ မည်၊ သို့ရာတွင် လေအေး ပေးစက်များ၊ လျှပ်စစ် ထုတ်စက်များနှင့် အခြား ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကိုမူ ထားခဲ့ ရန်မလိုဘဲ ဖြုတ်ယူသွား နိုင်သည်။

၁၂။ မူလစာချုပ်တွင်မပါဝင်သော အာမခံထားရှိခြင်းခေါင်းစဉ်အား အပိုဒ်(၂၆)အဖြစ် အောက်ပါ အတိုင်းဖြင့်ထပ်မံဖြည့်စွက်ရမည်-

အာမခံထားရှိခြင်း

၂၆။ "အငှားချထားခြင်းခံရသူ"သည် တစ်နှစ်ငှားရမ်းခ၏ ၁၀%နှင့် ညီမျှသော တန်ဖိုး အား လုပ်ငန်းဆောင်ရွက်မှုအာမခံ(အပ်ငွေ)အဖြစ် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃) ရန်ကုန်မြို့ (သို့မဟုတ်) မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ရှိငွေထုတ်စာရင်း အမှတ် SEE A/C သို့ ပေးသွင်းအပ်နှံ ထားရှိရမည်။

၁၃။ မူလစာချုပ်၏ အပိုဒ်(၂၆)(၂၇)(၂၈)(၂၉)(၃၀)(၃၁)အား အပိုဒ်(၂၇)(၂၈)(၂၉)(၃၀)(၃၁)(၃၂)အဖြစ် အစီအစဉ်အတိုင်း ပြောင်းလဲပြင်ဆင်ရမည်၊

၁၄။ ဤ ပြင်ဆင်ချက်သဘောတူစာချုပ်သည် ၂၀၁၅ ခုနှစ် လ ရက် နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

၁၅။ မူလစာချုပ်နှင့်ပြင်ဆင်ချက်သဘောတူစာချုပ်ပါ စည်းကမ်းချက်များမှာ ပြောင်းလဲမှုမရှိဘဲ ဆက်လက်၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

၁၆။ ဤပြင်ဆင်ချက်သဘောတူစာချုပ်တွင်ပါရှိသော နောက်ဆက်တွဲများသည် မူလစာချုပ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။

၁၇။ ဤပြင်ဆင်ချက်သဘောတူစာချုပ်သည် မူလစာချုပ်၏တစ်စိတ်တစ်ဒေသ ဖြစ်သည်။

၁၈။ ဤပြင်ဆင်ချက် သဘောတူစာချုပ်သည် နိုင်ငံတော်မူဝါဒအရ ပြင်ဆင်ရန် လိုအပ်ပါက နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ပြင်ဆင်ချုပ်ဆိုနိုင်သည်။

၁၉။ ဤပြင်ဆင်ချက်သဘောတူစာချုပ်အား ၂၀၁၅ခုနှစ် လ( )ရက်နေ့တွင် "အငှားချထားသူ"နှင့်"အငှားချထားခြင်းခံရသူ"တို့အောက်ပါအသိသက်သေများရှေ့မှောက်တွင်သဘောတူလက်မှတ်ရေးထိုးကြပါသည်။

အငှားချထားသူ(ကိုယ်စား)

ဦးရည်မွန်
ဦးဆောင်ညွှန်ကြားရေးမှူး
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

အငှားချထားခြင်းခံရသူ(ကိုယ်စား)

ဦးဝင်းဆွေ
အုပ်ချုပ်မှုဒါရိုက်တာ
Win & Win Co.,Ltd

အသိသက်သေ

ဒေါက်တာဝိုးနိုင်
ညွှန်ကြားရေးမှူး
စီမံရေးဌာန

ဦးသက်ဇော်အောင်
မန်နေဂျာ
Win & Win Co.,Ltd

ဦးသန်းထွန်း၊
ညွှန်ကြားရေးမှူး
ထုတ်လုပ်ရေးဌာန

ဦးဟန်တင်
မန်နေဂျာ
Win & Win Co.,Ltd

ဒေါ်ခင်မြင့်သိ
ညွှန်ကြားရေးမှူး
ဘဏ္ဍာရေးဌာန

ဦး
မန်နေဂျာ
Win & Win Co.,Ltd

လျှို့ဝှက်

၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅)၃ ၃၆ /နပတ (၃ ၁၁ ၊)

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂ ၊ ရက်

အကြောင်းအရာ။ **စက်ဘီးစက်ရုံ(ရန်ကုန်)နှင့် စက်ဘီးစက်ရုံ(ကျောက်ဆည်)အား Win & Win Co., Ltd ငှားရမ်းရန်ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ စက်မှုဝန်ကြီးဌာန၊ စက်မှုနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ၁၁-၄-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၅၀၆/ (၅-၇)/၂၀၁၃ / ၂၁၄

၁။ စက်မှုနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ စက်ဘီးစက်ရုံ(ရန်ကုန်)နှင့် စက်ဘီးစက်ရုံ(ကျောက်ဆည်)အား Win & Win Co., Ltd သို့ ငှားရမ်းရန် ချုပ်ဆိုမည့် စာချုပ်(မူကြမ်း) အပေါ် သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် ပေးပို့လာရုံစာ ယောက်စွဖြစ်ပါသည်။

၂။ ပေးပို့လာသောစာချုပ်(မူကြမ်း)အပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်၍ အောက်ပါအတိုင်းသုံးသပ် အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း)တွင် စက်ဘီးစက်ရုံ(ရန်ကုန်) နှင့် စက်ဘီးစက်ရုံ(ကျောက်ဆည်) အား B.O.T စနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ငှားရမ်းမည့်စက်ရုံနေရာများသည် သီးခြားစီတည်ရှိနေခြင်းဖြစ်ကြောင်းတွေ့ရှိရသဖြင့် သီးခြားစီစာချုပ်ချုပ်ဆိုရန်လိုအပ်ပါသည်၊

လျှို့ဝှက်

(ခ) စာချုပ်(မူကြမ်း) အငှားချထားသည့်ပစ္စည်း အပိုဒ် ၃၊ အပိုဒ်ခွဲ (က)(ခ) ပါ အငှားချယားမည့်မြေနှင့်စက်ရုံတည်ရှိရာနေရာအားနောက်ဆက်တွဲဖြင့် ဖော်ပြထားရာ နောက်ဆက်တွဲပါတည်နေရာပြမြေပုံသည် သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနမှ တရားဝင် ရေးဆွဲသည့်မြေပုံဖြစ်ရန်လိုအပ်ပါသည်။ ထို့အပြင် စာချုပ်(မူကြမ်း)တွင် ဖော်ပြပါရှိသည့်နောက်ဆက်တွဲများသည် စာချုပ်(မူကြမ်း)နှင့်အတူ ပူးတွဲပါရှိလာ ခြင်းမရှိပါ။ နောက်ဆက်တွဲများသည် စာချုပ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သဖြင့် စာချုပ်ချုပ်ဆိုချိန်တွင် ပူးတွဲပါရှိရန် လိုအပ်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) အပိုဒ် ၇၊ အပိုဒ်ခွဲ (ဗ) တွင် "ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးအား ဥက္ကဋ္ဌက ဆောင်ရွက်မည်ဖြစ်ကြောင်း" ဖော်ပြထားပါသည်။ အပိုဒ် ၇ ပါ စည်းကမ်းချက်များအားလုံးသည် ဝန်ထမ်းရေးရာကိစ္စရပ်များသာဖြစ်ပြီး အငှားချထားခြင်းခံရသူမှ ဆောင်ရွက်မည့်ကိစ္စရပ်များလည်းပါရှိရာစည်းကမ်းချက်ချင်းကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါသည်။ နောင်တွင် မလိုလားအပ်သော ရှုပ်ထွေးမှုများပေါ်ပေါက်လာနိုင်ပါသဖြင့် ဌာနမှ ပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း) အပိုဒ် ၉ တွင် "ငှားရမ်းခနှုန်းထားအား တစ်နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ပြီး နှစ်ဖက်သဘောတူပြင်ဆင်နိုင်ကြောင်း" ဖော်ပြထားရာ ယင်းသို့ ပြန်လည်ပြင်ဆင်ပါက အပိုဒ် ၁၁ ပါ" လိုအပ်လျှင် တစ်နှစ်လျှင် တစ်ကြိမ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ပြန်လည်သုံးသပ်၍

ငှားရမ်းခပေးချေခြင်းအစီအစဉ်အားပြန်လည်ပြင်ဆင်နိုင်ကြောင်း"ဖော်ပြထားသည့်စည်းကမ်းချက်ကိုလည်း ထည့်သွင်းစဉ်းစားရန်နှင့် စည်းကမ်းချက်ချင်းညီညွတ်ရန် လိုအပ်ကြောင်း ဌာနမှ သတိပြုသင့်ပါသည်၊

(င) စာချုပ်(မူကြမ်း)ငှားရမ်းခပေးချေခြင်းအပိုဒ် ၁၀ တွင်(၃)လအတွက် ငှားရမ်းခကျသင့်ငွေကျပ်(၉၆)သန်းကို(၃)လပြည့်ပြီး နောက်ဆုံးလ၏ နောက်ဆုံးပတ်တွင်ပေးသွင်းရမည်ဟုဖော်ပြထားရာ လုပ်ငန်းဆောင်ရွက်ပြီးမှ ငှားရမ်းခရယူသည့်သဘောဖြစ်နေ၍ လုပ်ငန်းစတင်ဆောင်ရွက်ချိန်မတိုင်မီ ငှားရမ်းခကြိုတင်ရယူထားသင့်သည်ဟု သဘောရရှိသဖြင့် ဌာနမှစဉ်းစားသင့်ပါသည်။ ထို့ပြင် ငှားရမ်းခပေးသွင်းရန်ပျက်ကွက်ပါက တစ်ပတ်လျှင်ပေးသွင်းမည့်ငွေ၏ ၁ % ဒဏ်ကြေးပေးဆောင်ရမည်ဟု ဖော်ပြထားရာ တစ်ပတ်ဆိုသည်မှာ (၇)ရက်တာစ်ပတ်ကို ဆိုလိုကြောင်း(သို့မဟုတ်) (၃)လတစ်ပတ်ကို ဆိုလိုကြောင်းရှင်းလင်းစွာဖော်ပြရန် လိုအပ်ပါသည်၊

(စ) စာချုပ်(မူကြမ်း) အမှားချထားခြင်းခံရသူ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဆ)တတိယစာကြောင်းတွင် " အကယ်၍ အဆိုပါပစ္စည်းများ အားလုံးဖြစ်စေ၊ --------- အမြန်ဆုံးအကြောင်းကြားရမည်" ဟု ဖော်ပြထားပါသည်။ ယင်းစည်းကမ်းချက်သည် မလွန်ဆန်နိုင်သောဖြစ်ရပ်တွင် အကျုံးဝင်ကြောင်းတွေ့ရှိရသဖြင့် မလွန်ဆန်နိုင်သောဖြစ်ရပ် ခေါင်းစဉ်အောက်သို့ ပြောင်းရွှေ့ ဖော်ပြသင့်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း) အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဍ)ပါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်အား သီးခြားခေါင်းစဉ်ဖြင့်

ဖော်ပြသင့်ပါသည်။ ယင်းစည်းကမ်းချက်အတွက် အလားတူစာချုပ်များတွင် အသုံးပြုလေ့ရှိသောစာပိုဒ်အား မင်နီဖြင့်ရေးသားပေးလိုက်ပါသည်၊

(ဓ) စာချုပ်(မူကြမ်း) အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဓ)တွင် ဖော်ပြပါရှိသည့် ကုန်ချော၊ ကုန်ကြမ်းများနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်မှာမည်သည်ကိုဆိုလို ကြောင်းရှင်းလင်းမှုမရှိသဖြင့် ရှင်းလင်း စွာဖော်ပြသင့်ပါသည်၊

(ဈ) စာချုပ်(မူကြမ်း) အပိုဒ် ၁၂၊ အပိုဒ်ခွဲ(န)တွင် စက်ဘီးကုန်ချော၊ ကုန်ကြမ်းများထားရှိသည့် မရမ်းကုန်းမြို့နယ်ရှိ ပင်မစတို(သမိုင်း) ဂိုဒေါင်ဝင်း ပုံ့ားရမ်းရေးကိစ္စအား ဖော်ပြထားပါသည်။ ယင်းဂိုဒေါင်တည်ရှိရာနေရာသည် ယခုစာချုပ်(မူကြမ်း)ပါ ပုံ့ားရမ်းမည့်စက်ရုံတည်ရှိရာနေရာများနှင့် သီးခြားစီ တည်ရှိနေခြင်းဖြစ်၍ ယခုစာချုပ်တွင်ထည့်သွင်းဖော်ပြရန်လိုအပ်ခြင်းမရှိဟု ယူဆပါသဖြင့် ပယ်ဖျက်သင့်ပါသည်၊

(ည) စာချုပ်(မူကြမ်း) အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဖ)တွင် ဖော်ပြပါရှိသည့် ကုန်တံဆိပ်နှင့်စပ်လျဉ်း၍ သီးခြားခေါင်းစဉ်ဖြင့် ဖော်ပြသင့် ပါသည်၊

(ဋ) စာချုပ်(မူကြမ်း)အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဗ)ပါ စည်းကမ်းချက်အား ဓာတ်သတ္တုအရင်းအမြစ်များခေါင်းစဉ်ဖြင့် သီးခြားဖော်ပြရန် လိုအပ်ပါသည်၊

(ဌ) စာချုပ်(မူကြမ်း) စာချုပ်သက်တမ်းထားခြင်း အပိုဒ် ၁၄ တွင် စာချုပ်သက်တမ်းတိုးမြှင့်ပေးရန် တင်ပြနိုင်ကြောင်းဖော်ပြထားရာ ဘယ်နှစ်နှစ် ၊ ဘယ်နှစ်ကြိမ်တိုးမြှင့်နိုင်ကြောင်း တိကျစွာသတ်မှတ်ဖော်ပြသင့်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း) ပျက်ကွက်ခြင်းအပိုဒ် ၂၃ စပ်လျဉ်း၍ အလားတူဖွားရမ်းခြင်းသဘောတူစာချုပ်များတွင် အသုံးပြုလေ့ရှိသည့် မြေသို့ပြန်လည်ဝင်ရောက်ခွင့်စာပိုဒ်အား မင်နီဖြင့်ရေးသားပေးလိုက်ပါသည်၊

(င) စာချုပ်(မူကြမ်း) တွင် ရင်းနှီးမြှုပ်နှံမှုပမာဏဖော်ပြထားခြင်းမရှိ၍ ဌာန ၏ လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဖော်ပြရန်သင့် မသင့် စိစစ်ရန်လိုအပ်ပါသည်၊

(X) (စ) စာချုပ်(မူကြမ်း)များ၌ မြေငှားစာချုပ်များတွင် ရယူလေ့ရှိသော မြေအသုံးချမှုပရီမီယံကြေး(Land Use Premium)ရယူထားခြင်းမရှိပါသဖြင့် ပရီမီယံကြေးရယူရန်သင့် မသင့် စဉ်းစားသင့်ပါသည်၊

(ဆ) လိုအပ်သောနေရာများတွင် မင်နီဖြင့် ပြပ်ဆင်ရေးသားပေးလိုက်ပါသည်။

၄။ ဟံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ အရအစိုးရ တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မရရှိသေးလျှင် ကျသင့်မည့်တံဆိပ်ခေါင်းခွန်ကို အငှားချထားခြင်းခံရသူက ယမ်းဆောင်ရ မည့်ဖြစ်ပါသည်။

၅။ ဤစာချုပ်(မူကြမ်း)ကိုပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်း ဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန် မရှိပါကြောင်း နှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

(X) ၆။ Win & Win Co., Ltd သည် ဥပဒေအရတရားဝင် ဖွဲ့စည်းထားသောကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေးအင်အားပြည့်စုံမှုရှိ

မရှိ၊ စာချုပ်တွင်လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူဟုတ် မဟုတ် စသည့် အချက်များနှင့်စပ်လျဥ်း၍ ကြိုတင်စိစစ်ရန်လိုအပ်မည်ဖြစ်ပါသည်။

၇။ စာချုပ် (မူကြမ်း) ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်ပုံတင်ထားနိုင်ရန် အတွက် ဤရုံး သို့ မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(မေသီလင်း၊ ညွှန်ကြားရေးမှူး)

မဟာမိတ်နှင့် အိမ်သုံးပစ္စည်းလုပ်ငန်း

စက်မှုဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

နှင့်

Win & Win Co.,Ltd

တို့

ချုပ်ဆိုသော

စက်ဘီးစက်ရုံ(ကျောက်ဆည်)အား

BOT စနစ်ဖြင့်ဆောင်ရွက်ရန်

ငှားရမ်းသည့် သဘောတူစာချုပ်

ရက်စွဲ၊ ၂၀၁၃ ခုနှစ် ဧပြီလ ၃၀ ရက်

<u>ကန့်သတ်</u>

daw Htar Htar Win Jpg\Rent Factory\bicycle(market).doc

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

နှင့်

Win & Win Co.,Ltd

တို့

ချုပ်ဆိုသော

စက်ဘီးစက်ရုံ(ကျောက်ဆည်)အား ငှားရမ်းသည့် သဘောတူစာချုပ်

ဤစာချုပ်ကို နေပြည်တော်တွင် ၂၀၁၃ ခုနှစ်၊ မေလ (၁)ရက်နေ့၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရည်မွန် ကိုယ်စားပြုသော စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ (နောင်တွင် "အငှားချထားသူ"ဟု ခေါ်တွင်စေပြီး ယင်းစကားရပ်၌ ၎င်းအား ဆက်ခံသူနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်)က တစ်ဖက်

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)မိုင် ပြည်လမ်း၊ အမှတ်(၆)နေ ဦးဝင်းဆွေ အုပ်ချုပ်မှုဒါရိုက်တာ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ၁၂/လသန(နိုင်)၀၀၇၃၅၇ ကိုယ်စားပြုသော Win & Win Co.,Ltd အမှတ်(၁၉)၊ (၇)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့(နောင်တွင် "အငှားချထားခြင်းခံရသူ"ဟု ခေါ်တွင်စေပြီး ယင်းစကားရပ်၌ ၎င်းအား ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်)က အခြားတစ်ဖက်တို့သည် BOT စနစ်ဖြင့် ဆောင်ရွက်စေ် အောက်ပါစည်းကမ်းချက်များကို သတ်မှတ်၍ နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုကြပါသည်။

ရည်ရွယ်ချက်

၁။ "အငှားချထားသူ" ပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၊ စက်ဘီးစက်ရုံ (ကျောက်ဆည်)ကို "အငှားချထားခြင်းခံရသူ"မှ ငှားရမ်းပြီး စက်ဘီးစက်ရုံ (ကျောက်ဆည်)တွင် စက်ဘီးထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးရုံသုံးကုတင်၊ ပရိဘောဂ ၊ အိမ်သုံးပရိဘောဂပစ္စည်းများ ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချသွားရန်နှင့် သစ်ပါးလွှာလုပ်ငန်း ဆောင်ရွက်ရန် ရည်ရွယ်လျက် ဤစက်ရုံ ငှားရမ်းသည့် သဘောတူစာချုပ် ချုပ်ဆိုခြင်းဖြစ်သည်။

အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း

၂။ "အငှားချထားသူ"သည် (နောက်ဆက်တွဲ (က)မှ (စ)ထိတွင် အသေးစိတ် ဖော်ပြထားသော စက်ရုံ၊ မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းများကို တရားဝင်ပိုင်ဆိုင်သူဖြစ်ပြီး "အငှားချထားခြင်းခံရသူ"သည် စာချုပ်ရည်ရွယ်ချက်ပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ငွေကြေးပြည့်စုံပြီး စာချုပ်ပါ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသူဖြစ်သည်။ စာချုပ်တွင် လက်မှတ်ရေးထိုးမည့် သူများသည် ဤစာချုပ်တွင် လက်မှတ်ရေးထိုးရန် အခွင့်အာဏာရှိသူများဖြစ်ကြောင်းကို အသီးသီးအာမခံကြ ပါသည်။

အငှားချထားမည့်ပစ္စည်းများ

၃။ အောက်ပါ"အငှားချထားသူ"ပိုင် စက်ဘီးစက်ရုံ(ကျောက်ဆည်)၏ စက်ရုံ၊ မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားပစ္စည်းများကို "အငှားချထားခြင်းခံရသူ"အား ငှားရမ်းမည်ဖြစ်ပါသည် -

(က) စက်ရုံအမည်နှင့်တည်နေရာ	- စက်ဘီးစက်ရုံ(ကျောက်ဆည်) ကျောက်ဆည်မြို့ အရှေ့ဘက်(၅)မိုင်(၁)ဖာလုံ အကွာ၊ မန္တလေးတိုင်းဒေသကြီး။
(ခ) မြေ(ဧက)	- စက်ဘီးစက်ရုံ(ကျောက်ဆည်) - (၂၇.၆၅)ဧက (မြေပုံကိုနောက်ဆက်တွဲ(က)ဖြင့်ပူးတွဲဖော်ပြထား ပါသည်။)
(ဂ) အဆောက်အဦများ	- စက်ဘီးစက်ရုံ(ကျောက်ဆည်) ရုံးနှင့်စက်မှုအဆောက်အဦ(၁၆)လုံး ဝန်ထမ်းအိမ်ရာ (၃၂)လုံး၊ ဂိုဒေါင်(၇)လုံး (နောက်ဆက်တွဲ(ခ) ဖြင့် ပူးတွဲဖော်ပြထားပါသည်။)
(ဃ) စက်ပစ္စည်းကိရိယာများ	- နောက်ဆက်တွဲ(ဂ)ဖြင့်ပူးတွဲဖော်ပြထားပါသည်။
(င) ရုံးသုံးပရိဘောဂများ	- နောက်ဆက်တွဲ(ဃ)ဖြင့်ပူးတွဲဖော်ပြထားပါသည်။
(စ) မော်တော်ယာဥ်စာရင်း	- နောက်ဆက်တွဲ(င)ဖြင့်ပူးတွဲဖော်ပြထားပါသည်။

<u>ကန့်သတ်</u>

ငှားရမ်းမည့်အချိန်ကာလ

၄။ ငှားရမ်းမည့်အချိန်ကာလမှာ ၂၀၁၃ ခုနှစ်မေလ (၁)ရက်နေ့မှ ၂၀၄၃ ခုနှစ် ဧပြီလ (၃၀) ရက်နေ့အထိ (၃၀)နှစ် ကာလဖြစ်ပါသည်။

စာချုပ်သက်တမ်း

၅။ ဤစာချုပ်လက်မှတ်ရေးထိုးသည့် ၂၀၁၃ ခုနှစ် မေလ (၁)ရက်နေ့မှ ၂၀၄၃ ခုနှစ် ဧပြီလ (၃၀)ရက်နေ့အထိ (၃၀)နှစ် ဖြစ်ပါသည်။(၁၀)နှစ် နှစ်ကြိမ် နှစ်(၅၀)ထိ သက်တမ်းတိုး ပြီး BOT စနစ်ဖြင့်ဆောင်ရွက်မည် ဖြစ်ပါသည်။

လွှဲပြောင်းပေးမည့်ဝန်ထမ်း

၆။ လွှဲပြောင်းပေးမည့်ဝန်ထမ်းအင်အားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	လစာနှုန်း	စက်ဘီးစက်ရုံ (ကျောက်ဆည်) (ဦးရေ)
(က)	၂၀၀၀၀ဝိ-၂၀၀ဝိ-၂၁၀၀၀ဝိ	၁
(ခ)	၁၈၀၀၀ဝိ-၂၀၀ဝိ-၁၉၀၀၀ဝိ	၁
(ဂ)	၁၆၀၀၀ဝိ-၂၀၀ဝိ-၁၇၀၀၀ဝိ	၂
(ဃ)	၁၄၀၀၀ဝိ-၂၀၀ဝိ-၁၅၀၀၀ဝိ	၃
(င)	၁၂၀၀၀ဝိ-၂၀၀ဝိ-၁၃၀၀၀ဝိ	၉
(စ)	၈၅၀၀ဝိ-၁၀၀ဝိ-၉၀၀၀ဝိ	၃၅
(ဆ)	၇၉၀၀ဝိ-၁၀၀ဝိ-၈၄၀၀ဝိ	၂၆
(ဇ)	၇၃၀၀ဝိ-၁၀၀ဝိ-၇၈၀၀ဝိ	၆၂
(ဈ)	၆၇၀၀ဝိ-၁၀၀ဝိ-၇၂၀၀ဝိ	၆၆
(ည)	၆၁၀၀ဝိ-၁၀၀ဝိ-၆၆၀၀ဝိ	၇၈
(ဋ)	၅၅၀၀ဝိ-၁၀၀ဝိ-၆၀၀၀ဝိ	၁၅
(ဌ)	၅၁၀၀ဝိ	၄
	စုစုပေါင်း	၃၀၆

၇။ လွှဲပြောင်းပေးမည့် ဝန်ထမ်းများနှင့်ပတ်သက်၍ အောက်ပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(က) စက်ရုံရှိ လွှဲပြောင်းပေးမည့် ဝန်ထမ်းများ၏ ဝန်ထမ်းလစာနှင့်စရိတ်များကို အပြည့်အဝ လစဉ်လစာ ထုတ်ရက်တွင် ထုတ်ပေးရမည်။

(ခ) ဝန်ထမ်းများ၏ လစာ၊ နှစ်တိုး၊ စရိတ်များအား နိုင်ငံတော်၏ ခွင့်ပြုနှုန်းထားများအတိုင်း အငှားချထားခြင်းခံရသူမှ ဆက်လက်ပေးဆောင်ရမည်။ ဆုကြေးနှင့် စရိတ်များအား အငှားချထားခြင်း ခံရသူမှ သင့်လျော်သလို ပေးနိုင်သည်။

(ဂ) အကြောင်းအရာတစုံတရာကြောင့် နိုင်ငံတော်မှလစာနှုန်းထားများ ပြောင်းလဲခဲ့လျှင် ပြောင်းလဲသည့် နှုန်းထားအတိုင်း ထုတ်ပေးရမည်။

(ဃ) အခါအားလျော်စွာ ရာထူးတိုးမြှင့်ခြင်း၊ နှစ်တိုးတိုးမြှင့်ခံရသော ဝန်ထမ်းများအတွက် တိုးမြှင့်လစာနှင့် နှစ်တိုးကို ခံစားခွင့်ပြုရမည်။

(င) ဝန်ထမ်းများ တာဝန်ခွဲဝေချထားခြင်းဆိုင်ရာ ကိစ္စရပ်များအား "အငှားချထားခြင်းခံရသူ" ၏စီမံမှုဖြင့် ဆောင်ရွက်ရမည်။

(စ) ဝန်ထမ်းများရာထူးတိုးခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များအား "အငှားချထားခြင်းခံရသူ"၏ တင်ပြချက်ကို နိုင်ငံတော်မှ သတ်မှတ်ထားသည့် ဝန်ထမ်းစည်းမျဉ်းများနှင့်အညီ အငှားချထားသူမှ စိစစ်ဆောင်ရွက်ပေးရမည်။

(ဆ) ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ထမ်းများ နစ်နာမှုမရှိစေရေးအတွက် နှစ်ဦးနှစ်ဖက်မှ ညှိနှိုင်းဆောင်ရွက်ရမည်။

(ဇ) စက်ရုံလွှဲပြောင်းသည့်အခါ ပါရှိသော ဝန်ထမ်းများအနက် ရာထူးမှနုတ်ထွက်လိုခြင်း၊ နှစ်ပြည့် (သို့မဟုတ်) သက်ပြည့်အငြိမ်းစားယူခြင်းများရှိပါက "အငှားချထားသူ"ထံ တင်ပြရမည်။

(ဈ) ဝန်ထမ်းများအား တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းများတွင် ညှိနှိုင်း၍ တာဝန်ပေးအပ်နိုင်သည်။

(ည) ဝန်ထမ်းများ၏ လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိရေးအတွက် "အငှားချထားခြင်းခံရသူ"မှ တာဝန်ယူရမည်။

(ဋ) ဝန်ထမ်းများ၏ သက်သာချောင်ချိရေး ကိစ္စများကို "အငှားချထားခြင်းခံရသူ"မှ စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ယူရမည်။

(ဌ) ဝန်ထမ်းများအလုပ်ခွင်တွင် မတော်တဆ ထိခိုက်မှု ဖြစ်ပွားပါက "အငှားချထားခြင်းခံရသူ"မှ တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဍ) ဝန်ထမ်းများ ရာထူးအနွယ်(Lien) ဆက်လက်ထိန်းသိမ်းထားပြီး ရာထူးတိုးမြှင့်ရန် အချိန်ကျရောက်သည့်အခါ ရာထူးတိုးမြှင့်ခြင်းကိစ္စများကို "အငှားချထားသူ"မှ ဆောင်ရွက်ရမည်။

(ဎ) ဝန်ထမ်းရေးရာကိစ္စများနှင့် ပတ်သက်၍ စက်မှုနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် စီမံခန့်ခွဲရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ရမည်။

(ဏ) လုပ်ငန်းတွင် ထိခိုက်နစ်နာမှု မရှိစေရန်အတွက် ဝန်ထမ်းများအား ဤစက်ရုံ၏ ပြင်ပလုပ်ငန်းနေရာများသို့ ပြောင်းရွှေ့ခြင်းကို "အငှားချထားခြင်းခံရသူ"၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ရမည်။

(တ) ဝန်ထမ်းအိမ်ရာတွင် လက်ရှိနေထိုင်လျက်ရှိသော ဝန်ထမ်းများအား ဤစက်ရုံ၌ တာဝန်ထမ်းဆောင်နေသော ကာလတွင် ဆက်လက်နေထိုင်ခွင့်ပြုရမည်။ ဝန်ထမ်းအိမ်ရာများ၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို "အငှားချထားခြင်းခံရသူ"က တာဝန်ယူဆောင်ရွက်ရမည်။

(ထ) ဝန်ထမ်းများအတွက် ပင်စင်ထည့်ဝင်ကြေး၊ လူမှုဖူလုံကြေးတို့ကို အငှားချထားခြင်းခံရသူက ထည့်ဝင်ပေးရမည်။

ငှားရမ်းခနှုန်းထား

၈။ ငှားရမ်းခနှုန်းထားမှာ စက်ဘီးစက်ရုံ(ကျောက်ဆည်)အတွက် တစ်လ ကျပ်(၈.၀၀၀) သန်း (ကျပ်ရှစ်သန်း တိတိ) ဖြစ်ပြီး တစ်နှစ်လျှင် ကျပ် (၉၆.၀၀၀)သန်း (ကိုးဆယ့် ခြောက် ကျပ်သန်းတိတိ) ဖြစ်ပါသည်။

၉။ ငှားရမ်းခနှုန်းထားအား (၁)နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ပြီး နှစ်ဦးသဘောတူ ညှိနှိုင်းပြင်ဆင်ခြင်းကို စက်မှုဝန်ကြီးဌာန ပစ္စည်းဝယ်ယူရောင်းချရေးနှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီ အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်သတ်မှတ် နိုင်သည်။

ငှားရမ်းခပေးချေခြင်း

၁၀။ "အငှားချထားခြင်းခံရသူ"သည် ငှားရမ်းခအား (၃)လတစ်ကြိမ် တစ်နှစ်လျှင် (၄)ကြိမ်ဖြစ်သော မေလမှ ဇူလိုင်လအထိ(၁)ကြိမ်၊ ဩဂုတ်လမှအောက်တိုဘာလအထိ (၁)ကြိမ်၊ နိုဝင်ဘာလမှ ဇန်နဝါရီလအထိ (၁)ကြိမ်၊ ဖေဖော်ဝါရီလမှ ဧပြီလအထိ(၁)ကြိမ်၊ (၃)လပြည့်ပြီး နောက်ဆုံးလ၏ နောက်ဆုံးပတ်တွင် တစ်ကြိမ်လျှင် ကျပ်(၂၄)သန်း ပေးသွင်းရမည်။ ပေးသွင်းရန်ပျက်ကွက် ပါက (၇)ရက်တစ်ပတ်လျှင် ပေးသွင်းရမည့်ငွေ၏ (၁%) ဒဏ်ကြေးပေးဆောင်ရမည်။

၁၁။ "အငှားချထားသူ"နှင့် "အငှားချထားခြင်းခံရသူ"သည် လိုအပ်ပါက (၁)နှစ်လျှင် (၁)ကြိမ် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများအား ပြန်လည်သုံးသပ်၍ စာချုပ်ဝင် နှစ်ဦးနှစ်ဖက် သဘောတူညီပါက ငှားရမ်းခပေးချေမည့် အစီအစဉ်အား စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်မှုနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်သည်။

အငှားချထားခြင်းခံရသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ "အငှားချထားခြင်းခံရသူ"၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ တဖက်ပါအတိုင်း ဖြစ်ပါသည်-

(က) ငှားရမ်းသည့် မြေ၊ အဆောက်အဦ၊ စက်ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်များ၊ ရုံးသုံးပရိဘောဂများနှင့် အခြားပစ္စည်းများကို (နောက်ဆက်တွဲ (က) မှ (စ) အထိ) ပါအတိုင်း ငှားရမ်းဆောင်ရွက်ရမည်။

(ခ) ငှားရမ်းခွင့်ရရှိထားသော စက်ဘီးစက်ရုံ(ရန်ကုန်) မြေနှင့်အဆောက်အဦတွင် ကနဦး တင်ပြထားသော လုပ်ငန်းများအပြင် ဥပဒေနှင့် မငြိ စွန်းသည့် အခြားလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လိုပါက အငှားချထားသူသို့ ညှိနှိုင်း ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ငှားရမ်းခွင့်ရယူထားသော စက်ရုံနှင့် ပစ္စည်းများအား တဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း (သို့မဟုတ်) တနည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း၊ အသုံးပြုခွင့်ပေးခြင်း တို့ကို မပြုလုပ်ရ။

(ဃ) စက်ဘီးစက်ရုံ(ကျောက်ဆည်)၏ အဆောက်အဦနှင့် စက်ပစ္စည်းကိရိယာများကို လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်ရမည်။

(င) တိုးချဲ့လုပ်ကိုင်မည့် ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ် သည့် စက်ပစ္စည်းအသစ်များ တပ်ဆင်ခြင်းတို့ကို "အငှားချထားသူ"နှင့်ညှိနှိုင်းဆောင် ရွက်ပြီး အဆောက်အဦအသစ် ဆောက်လုပ်ရန်ရှိပါက "အငှားချထားသူ"နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

(စ) စက်ရုံအား မငှားရမ်းမီအချိန်အထိ စက်ရုံနှင့်ပတ်သက်သည့် ဌာနအလိုက် စာရွက်စာတမ်းများ၊ စာရင်းဇယားများ အားလုံးအား အစစ်ဆေးခံနိုင်ရေးနှင့် အခြား လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရမည်။

(ဆ) အငှားချထားသည့် စက်ရုံ၏ အခြေအနေများကို စစ်ဆေးရန် လိုအပ်ပါက "အငှားချ ထားသူ"က နည်းလမ်းတကျ လုပ်ကိုင်ခွင့်ပေးအပ်သော ကိုယ်စားလှယ်များကို ဝင် ရောက်ခွင့် ပြုရမည်။

(ဇ) အငှားချထားသည့် စက်ရုံတွင် အသုံးပြုသော လျှပ်စစ်၊ ရေ၊ တယ်လီဖုန်းနှင့် ဆက်သွယ် ရေးဆိုင်ရာ အသုံးပြုကြေးနှင့် အခွန်အခများအား သတ်မှတ်ရက်အတွင်း အချိန်မီပေး ဆောင်ရမည်ဖြစ်ပြီး၊ ပေးဆောင်ထားသည့် ပြေစာအထောက်အထား မိတ္တူများအား "အငှားချထားသူ"ထံ လစဉ်ပေးပို့ရမည်။

(ဈ) အငှားချထားသည့် စက်ရုံ၏ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့် လျှပ်စစ်နှင့် သဘာဝ ဓာတ်ငွေ့အတွက် ကျသင့်ငွေများအား သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်နှုန်းထား အတိုင်း ပေးချေရမည်။

(ည) အငှားချထားသည့် စက်ရုံအတွက် အလုံးစုံအာမခံကို မြန်မာ့အာမခံလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထားရှိရမည်ဖြစ်ပြီး အာမခံသက်တမ်းကျော်လွန်မှု မရှိစေရေး တာဝန်ယူဆောင်ရွက်ရမည်။

(ဋ) လျှပ်စစ်ဓါတ်အားသုံးစွဲမှုကို တည်ဆဲဥပဒေ စည်းမျဉ်းများနှင့်အညီ သုံးစွဲပြီး မီးဘေး ကာကွယ်ရေးအစီအမံများ လုံလောက်စွာ ထားရှိရမည်။ စက်ရုံ၏ သန့်ရှင်းရေး၊ အထွေထွေလုံခြုံရေးတို့ကိုလည်း တာဝန်ယူဆောင်ရွက်ရမည်။

(ဌ) "အငှားချထားသူ"၏ ခွင့်ပြုချက်ဖြင့် လျှပ်စစ်သွယ်တန်းခြင်း၊ အဝီစိတွင်းတူးခြင်း၊ ရေပိုက်သွယ်တန်းခြင်း၊ တယ်လီဖုန်းဆက်သွယ်တပ်ဆင်ခြင်းကို မိမိစရိတ်ဖြင့် ဆောင်ရွက်နိုင်သည်။ စာချုပ်သက်တမ်းကုန်ဆုံးပါက (သို့) အငှားစာချုပ်ရုပ်စဲခြင်း ဖြစ်ပါက အဆိုပါ ပစ္စည်းများကို ပြန်လည်ဖြုတ်ယူခြင်း၊ ဖြုတ်တောက်ခြင်းများကို အငှား ချထားသူ၏ ခွင့်ပြုချက်ရရှိမှသာ ပြန်လည်ဖြုတ်ယူခွင့်ရှိသည်။

(ဍ) အငှားချထားသည့် စက်ရုံတွင် တပ်ဆင်မှုများ၊ ပုံစံပြောင်းလဲမှုများ၊ စက်ပစ္စည်းအသစ်ဖြည့်စွက်တပ်ဆင်မှုများနှင့် တိုးချဲ့ဆောက်လုပ်မှုများအား လိုအပ်သလိုဆောင်ရွက်သွားနိုင်ပြီး စက်ရုံပြန်လည်လွှဲပြောင်းပေးချိန်တွင် တပ်ဆင်ထားသောပစ္စည်းများနှင့် တိုးချဲ့ အဆောက်အဦများ၏ ထိုက်သင့်သည့်တန်ဖိုးရရှိရေး နှစ်ဦးနှစ်ဖက် ညှိနှိုင်း ဆောင်ရွက်ရမည်။

(ပ) အငှားချထားသည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ မြေခွန်မှ့အပ စည်ပင်သာယာခွန်၊ အခြား အခွန်အခများ၊ ကုန်ထုတ်လုပ်မှုနှင့် သက်ဆိုင်သည့် အခွန်အခအမျိုးမျိုးတို့ကို ကျခံပေး ဆောင်ရမည်။

(ဏ) ဤစာချုပ်သက်တမ်း ကုန်ဆုံးသည့်နေ့မှ တစ်လအတွင်း "အငှားချထားသူ"သို့ အငှားချထားသည့် ပစ္စည်းများအားလုံးကို စတင်ငှားရမ်းခဲ့စဉ်က အခြေအနေအတိုင်း ပြုပြင်မွမ်းမံပြီး အဖိုးစားနားမပါရှိဘဲ "အငှားချထားသူ"၏ လက်ဝယ်အရောက် ပြန်လည်အပ်နှံရမည်။ သို့ရာတွင် အကျိုးအကြောင်းဆီလျော်မှုရှိသော ပွန်းပဲ့ခြင်း များအတွက် ပြောင်းလဲမှုများကို ခွင့်ပြုလက်ခံနိုင်သည်။

(တ) စက်ရုံကိုလက်ခံသည့်နေ့တွင် စက်အရန်ပစ္စည်းများကို "အငှားချ ထားခြင်းခံရသူ"မှ အသုံးပြုမည်ဆိုပါက နှစ်ဖက်ညှိနှိုင်း တန်ဖိုးသင့်၍ သတ်မှတ်ကာလအတွင်း "အငှားချထားသူ" သို့ ပေးချေရမည်။

(ထ) ကုန်ချော၊ ကုန်ကြမ်းများအား အငှားချထားခြင်းခံရသူနှင့် ဈေးနှုန်းညှိနှိုင်း၍ သီးခြားစာချုပ်ချုပ်ဆို ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဒ) ထုတ်လုပ်ထားသော ကုန်ချောပစ္စည်းများကို ပြင်ပဈေးကွက်တွင် မိမိကြိုက်နှစ်သက်သည့်ဈေးနှုန်းဖြင့် လွတ်လပ်စွာရောင်းချခွင့်၊ သိုလှောင်ခွင့်၊ သယ်ယူခွင့် ရှိသည်။

(ဓ) အငှားချထားသည့်စက်ရုံတွင် ခွင့်ပြုထားသည့်လုပ်ငန်းမှအပ ဥပဒေနှင့်မညီညွတ်သော လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

(န) "အငှားချထားခြင်းခံရသူ"မှ ဆောင်ရွက်မည့်လုပ်ငန်းအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် အထောက်အထားများထားရှိပြီး "အငှားချထားသူ" ထံ မိတ္တူတစ်စုံအပ်နှံထားရမည်။

(ပ) အငှားချထားသည့်စက်ရုံ၏ အုပ်ချုပ်မှုနှင့် ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့် ဒီဇယ်ဆီ၊ ဓါတ်ဆီတို့အား အငှားချထားခြင်းခံရသူ၏ အစီအမံဖြင့် စီစဉ်ဆောင်ရွက်ရမည်။

(ဖ) စက်ရုံရှိမော်တော်ယာဉ်များနှင့် ပတ်သက်၍ စက်သုံးဆီနှင့် ပြုပြင်ထိန်းသိမ်းမှုများကို "အငှားချထားခြင်းခံရသူ "မှ တာဝန်ယူဆောင်ရွက်ပေးရမည်။

ကိုယ်ပိုင်တံဆိပ်ဖြင့်ထုတ်လုပ်ခြင်း

၁၃။ "အငှားချထားခြင်းခံရသူ"၏ ကိုယ်ပိုင်ကုန်တံဆိပ်ဖြင့် ထုတ်လုပ်လိုက ထုတ်လုပ်ခွင့်ရှိ သည်။ သို့ရာတွင် အဆိုပါ ကုန်တံဆိပ်နှင့် စပ်လျဉ်း၍ မူပိုင်အခွင့်အရေးများကို ချိုး ဖောက်ကြောင်း တရားစွဲဆိုခံရလျှင် "အငှားချထားခြင်းခံရသူ"၏ တာဝန်သာဖြစ်သည်။

ဓာတ်သတ္တုအရင်းအမြစ်များ

၁၄။ စာချုပ်ပါသက်တမ်းအတွင်း ယခုလုပ်ငန်းဆောင်ရွက်သည့် မြေ၏မြေပေါ်၊ မြေအောက် မှ မမျှော်လင့်ဘဲ ဓာတ်သတ္တုအရင်းအမြစ်များ၊ ရေနံဓာတုဆိုင်ရာပစ္စည်းများ၊ သဘာဝသယံဇာတ

ပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများ၊ ကျောက်မျက်ရတနာများ အစရှိသည်တို့ကို တွေ့ရှိပါက "အငှားချထားသူ"ထံ ချက်ချင်းအကြောင်းကြားရမည်။ အဆိုပါ ပစ္စည်းများသည် "အငှားချထားခြင်းခံရသူ"နှင့် သက်ဆိုင်ခြင်းမပြုစေရ၊ "အငှားချထား သူ"သည် အဆိုပါပစ္စည်းများကို "အငှားချထားခြင်းခံရသူ"၏ လုပ်ငန်းများ နစ်နာဆုံးရှုံး မှုမရှိစေဘဲ လွတ်လပ်စွာတူးဖော်ရယူခွင့်ရှိစေမည့်အပြင် နိုင်ငံတော်အစိုးရသို့ လွှဲ ပြောင်းတင်ပြခွင့် ရှိစေရမည်။

ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

၁၅။ အငှားချထားခံရသူအနေဖြင့် လုပ်ငန်းလုပ်ဆောင်မည့်နေရာ၊ ဒေသ၏ပတ်ဝန်းကျင်နေရာများအား ကောင်းစွာကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားရန် တာဝန်ရှိသည်။ထို့အပြင် လေထု၊ ရေထုနှင့် မြေထုများညစ်ညမ်းခြင်းနှင့် အခြားသော ပတ်ဝန်းကျင် ဆိုင်ရာထိခိုက်ပျက်စီးဆုံးရှုံးခြင်းအား ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ရေများသန့်စင်နိုင်သော စက်များတပ်ဆင်ပေးခြင်း၊ လေထုညစ်ညမ်းမှုများ မဖြစ်ပေါ်စေရန် အခိုးအငွေ့နှင့် အညစ်အကြေးစွန့် အစိတ်အပိုင်းများကို လုံခြုံစွာထားရှိပေးခြင်းဖြင့် အခြားသော ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်သောအကာအကွယ် အစီအစဉ်များဆောင်ရွက်ရမည်။

အငှားချထားသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၆။ "အငှားချထားသူ"၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) "အငှားချထားခြင်းခံရသူ"သို့ အငှားချထားသည့် စက်ဘီး စက်ရုံ(ကျောက်ဆည်)ကို လွှဲပြောင်းပေးပြီး ကုန်ပစ္စည်းများ ထုတ်လုပ်ခွင့်ပေး ရမည်။

(ခ) စက်ရုံနှင့်ပတ်သက်သည့်ဌာနအလိုက် သတ်မှတ်ထားသည့် လုပ်ကိုင်မှုနည်းစနစ်များ၊ စာရွက်စာတမ်းများ၊ စာရင်းဇယားများအား လိုအပ်သည်များဆောင်ရွက်နိုင်ရန် "အငှားချထားခြင်းခံရသူ"အား စနစ်တကျ လွှဲပြောင်းပေးအပ်ရမည်။

(ဂ) စက်ရုံတွင် တပ်ဆင်ထားပြီးသော သဘာဝဓာတ်ငွေ့၊ လျှပ်စစ်၊ ရေ၊ တယ်လီဖုန်းတို့ကို "အငှားချထားခြင်းခံရသူ"အား ဆက်လက်အသုံးချခွင့်ပြုရမည်။

(ဃ) အငှားချထားသည့် စက်ရုံအခြေအနေများကို နည်းလမ်းတကျ လုပ်ပိုင်ခွင့်ပေးအပ်သော ကိုယ်စားလှယ်များ စေလွှတ်၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

(င) အငှားချထားသည့် စက်ရုံအတွက် ကျသင့်သည့်မြေခွန်ကို ပေးဆောင်ရမည်။

(စ) စက်ရုံတွင် အသုံးပြုသော လျှပ်စစ်၊ ရေ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ အသုံးပြုခြင်းနှင့် အခွန်အခများအား "အငှားချထားခြင်းခံရသူ"မှ လစဉ်အချိန်မီ ပေးဆောင်မှုရှိ/မရှိ စိစစ်ရမည်။

(ဆ) အငှားချထားသည့်စက်ရုံ၏ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့် မီးထိုးဆီနှင့် သဘာဝဓာတ်ငွေ့များ ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဇ) အငှားချထားသည့်စက်ရုံနှင့်သက်ဆိုင်သော အာမခံများ၏ အာမခံသက်တမ်းကျော်လွန်မှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

စာချုပ်သက်တမ်းတိုးခြင်း

၁၇။ "အငှားချထားခြင်းခံရသူ"သည် စက်ရုံငှားရမ်းရေးစာချုပ် သက်တမ်းကုန်ဆုံးပြီးနောက် အငှား ချစက်ရုံကို ဆက်လက်ငှားရမ်းလိုပါက နောက်ထပ်ငှားရမ်းလိုသည့် ကာလနှင့် ငှားရမ်းခနှုန်းထား ကိုဖော်ပြလျက် စာချုပ်သက်တမ်းတိုးမြှင့်ပေးပါရန် "အငှားချထားသူ"ထံ စာချုပ်သက်တမ်းမကုန်ဆုံးမီ (၃)လ ကြိုတင်၍ စာဖြင့်တင်ပြရမည်။ ထပ်မံငှားရမ်းမည့် ကာလအတွက် နှစ်စဉ်ငှားရမ်းခနှုန်းထားကို နှစ်ဦးနှစ်ဘက်ညှိနှိုင်း သတ်မှတ်ရမည်။ ထိုသို့သက်တမ်းတိုးမြှင့်ခြင်း၊ ငှားရမ်းခနှုန်းထားပြင်ဆင်ခြင်းတို့သည် စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်စေရမည်။စာချုပ်သက်တမ်းတိုးခြင်းကို (၁၀)နှစ် (၂)ကြိမ်သာဖြစ်ပါသည်။

ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း

၁၈။ "အငှားချထားခြင်းခံရသူ"သည် ဤသဘောတူစာချုပ်ပါ ငှားရမ်းခြင်းကာလကုန်ဆုံးသည့်အခါဖြစ်စေ၊ ငှားရမ်းခြင်းရပ်စဲသည့်အခါဖြစ်စေ ယင်းသို့ကုန်ဆုံးသည့်နေ့ (သို့) ရပ်စဲသည့်နေ့မှ (၃၀) ရက်အတွင်း အငှားချထားသည့် စက်ရုံ၊ မြေ၊ အဆောက်အဦနှင့် စက်ကိရိယာများကို "အငှားချထားသူ" သို့ အဖိုးစားနားမပါရှိဘဲ ကောင်းမွန်သော အနေအထားဖြင့် ပြန်လည်လွှဲပြောင်းပေးအပ်ရမည်။

အငြင်းပွားမှုဖြေရှင်းခြင်း

၁၉။ ဤစာချုပ်နှင့်စပ်လျဥ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထိုအငြင်းပွားမှုကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် နှစ်ဦးနှစ်ဖက်ဖြေရှင်းကြရမည်။ဖြေရှင်းမရနိုင်ပါက ဥပဒေနှင့်အညီ သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ ဆုံးဖြတ်ချက်ကို ခံယူရမည်။

မလွန်ဆန်နိုင်သည့် ဖြစ်ရပ်များ

၂၀။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက် ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှု ပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း စသည်တို့နှင့် စာချုပ်ဝင် တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန် မကျော်လွှား နိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး ယင်းဖြစ်ရပ်များကြောင့် ငှားရမ်းသုံးစွဲမှုကို ထိခိုက်ဆုံးရှုံးစေလျှင် "အငှားချထားခြင်းခံရသူ"သည် "အငှားချထားသူ"တို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံခွင့် မရှိစေရ။

၂၁။ အငှားချထားသည့် ပစ္စည်းအားလုံးကို လျော်ကန်သင့်မြတ်သော သတိ၊ ဝီရိယဖြင့် ကောင်းမွန်စွာ ထိန်းသိမ်းထားပြီး လိုအပ်သော ပြင်ဆင်မွမ်းမံမှုအားလုံးကို ပြုလုပ်ရ မည်။ အကယ်၍ အဆိုပါပစ္စည်းများအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မီး လောင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ လေမုန်တိုင်းကျရောက်ခြင်း၊ ရေကြီးခြင်း၊ ရုန်းရင်း ဆန်ခတ်မှု ဖြစ်ပေါ်ခြင်း (သို့) အခြားမလွဲရှောင်နိုင်သည့် အကြောင်းတရားများကြောင့် ပျက်စီးသွား၍ ဆက်လက်အသုံးပြုရန် မသင့်လျော်ပါက "အငှားချထားသူ"အား ဤ စာချုပ်ကို ရပ်ဆဲပေးရန် (သို့) အသုံးပြုရန် သင့်လျော်သည့် ကျန်ရှိနေသည့် အစိတ် အပိုင်းအတွက် ငှားရမ်းခကို အချိုးကျလျှော့ပေါ့ပေးရန် အမြန်ဆုံးအကြောင်းကြားရ မည်။ သို့ရာတွင် အငှားချထားသည့် ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးခြင်း ဖြစ်ပေါ်ရခြင်း မှာ အငှားချထားခြင်းခံရသူ၏ မှားယွင်းသော လုပ်ဆောင်ချက်၊ သင့်လျော်သလို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း (သို့) ပေါ့လျော့ခြင်းကြောင့် ဖြစ်ပွားပါက "အငှားချထားခြင်းခံရ သူ"သည် ဤအပိုဒ်ပါ အခွင့်အရေးကို ရယူခံစားနိုင်ခွင့် မရှိသည့်အပြင် ယင်းပစ္စည်း များအား နဂိုမူလအခြေအနေသို့ ရောက်ရှိအောင် ပြန်လည်ပြင်ဆင်မွမ်းမံ ရသည့် ကုန်ကျစရိတ်အားလုံးကို ပေးချေရမည်။

၂၂။ ထိုသို့ မလွန်ဆန်နိုင်သော ဖြစ်ရပ်များပေါ်ပေါက်လာပါက ယင်းဖြစ်ရပ် ဖြစ်ပေါ်သည့်အချိန်မှ (၁၄)ရက်အတွင်း "အငှားချထားခြင်းခံရသူ"သည် အငှားချထားသူသို့ ချက်ချင်း စာဖြင့် ရေးသားအကြောင်းကြားရမည်။ "အငှားချထားသူ"က လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက် ပြီး စက်ရုံ၊ မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းများ ငှားရမ်းအသုံးပြုခွင့်နှင့် တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက်ကာလအပိုင်း အခြားအတွက် ငှားရမ်းခကို သက်သာခွင့်ပြုနိုင်သည်။

စာချုပ်အကျိုးသက်ရောက်သည့်နေ့

၂၃။ ဤစာချုပ်သည် "အငှားချထားသူ" နှင့် "အငှားချထားခြင်းခံရသူ"တို့ လက်မှတ်ရေးထိုးပြီးသည့် နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

စာချုပ်ပြင်ဆင်ခြင်း

၂၄။ ဤစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ထပ်မံဖြည့်စွက်ခြင်း ပြုလုပ်လိုပါက စာချုပ်ဝင်နှစ်ဦးနှစ်ဖက်မှ တရားဝင်စာဖြင့် သဘောတူညီချက်ရရှိမှသာ ပြုလုပ်ရမည်။

၂၅။ "အငှားချထားခြင်းခံရသူ"မှ စက်ရုံငှားရမ်းရာတွင် စီးပွားရေးအရ တွက်ချေကိုက်မှု မရှိခြင်း၊ အခြားသောအဆင်မပြေမှုများ ရှိခြင်းကြောင့် စာချုပ်ပြင်ဆင်လိုပါက "အငှားချထားသူ"ထံ စာဖြင့် အကြောင်းကြားရမည်။ နှစ်ဦးနှစ်ဖက်ညှိနှိုင်း ဆွေးနွေးမှုကို (၁)လထက်မပိုသော ကာလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရမည်။

စာချုပ်ပြန်လည်ညှိနှိုင်းခြင်း

၂၆။ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းလိုအပ်ချက်အရ (သို့မဟုတ်) ဤစာချုပ်တွင်မပါရှိသည့် ကိစ္စရပ်များပေါ်ပေါက်လာလျှင် စာချုပ်ဝင်နှစ်ဦးနှစ်ဖက် ညှိနှိုင်းခွင့်ရှိစေရမည်။

စာချုပ်ရုပ်စဲခြင်း

၂၇။ စာချုပ်ရုပ်စဲခြင်းနှင့်စပ်လျဉ်း၍ ဤစာချုပ်ကို အောက်ပါအကြောင်းရပ် တစ်ခုခုပေါ်ပေါက်ပါက စာချုပ်ရုပ်စဲခွင့်ရှိသည့်အပြင် စာချုပ်သက်တမ်းမကုန်ဆုံးမီ စာချုပ်အား ရုပ်စဲလိုပါက ရုပ်စဲလိုကြောင်း စာချုပ်ဝင်တစ်ဖက်ဖက်မှ ကြိုတင် Notice ပေးရမည်-

(က) မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် အငှားချထားခြင်းခံရသည့် စက်ရုံရှိ ပစ္စည်းများ ပျက်စီးဆုံးရှုံးသွား၍ လုပ်ငန်းဆက်လက် ဆောင်ရွက်ရန် မဖြစ်နိုင်တော့ခြင်း၊

(ခ) စာချုပ်သက်တမ်းကုန်ဆုံးခြင်း၊

(ဂ) စာချုပ်ရုပ်စဲရန် နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖြေရှင်း သဘောတူဆုံးဖြတ်ခြင်း။

(ဃ) "အငှားချထားခြင်းခံရသူ"က လူမွဲအဖြစ် ခံယူသွားခြင်း၊

(င) စာချုပ်ပါစည်းကမ်းတစ်ရပ်ရပ်ကို အငှားချထားခြင်းခံရသူမှ ဖောက်ဖျက်ကျူးလွန်ခြင်း

မြေသို့ပြန်လည်ဝင်ရောက်ပိုင်ခွင့်

၂၈။ အငှားချထားခြင်းခံရသူသည် စာချုပ်ပါစည်းကမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် (သို့မဟုတ်) လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် အငှားချထားသူက ယင်းကဲ့သို့ ပျက်ကွက်မှုများကို ပြုပြင်ရန်(သို့မဟုတ်) လိုက်နာရန်အငှားချထားခြင်းခံရသူသို့ အကြောင်းကြားစာ ပေးပို့ပြီးနောက် အကြောင်းကြားစာပါ ကာလအတွင်း လိုက်နာမှုမရှိပါက အငှားချထားသူသည် အငှားချထားသည့် မြေနေရာကို ပြန်လည်ဝင်ရောက်လက်ဝယ်ရယူခွင့်ရှိသည်။ သို့ရာတွင် ယင်းသို့ဝင်ရောက်၍ လက်ရောက်ရယူခြင်းသည် အငှားချထားသူက အငှားချထားခြင်းခံရသူထံမှ ရရန်ရှိသော ငှားရမ်းခ (သို့မဟုတ်) ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံခွင့်ကို ထိခိုက်ခြင်းမရှိစေရ။

ပျက်ကွက်ခြင်း

၂၉။ "အငှားချထားသူ"နှင့် "အငှားချထားခြင်းခံရသူ"သည် စာချုပ်ပါစည်းကမ်း ချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် (သို့) လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် "အငှားချထားခြင်းခံရသူ" (သို့မဟုတ်) "အငှားချထားသူ"က ယင်းကဲ့သို့ ပျက်ကွက်မှုများကို ပြုပြင်ရန် (သို့မဟုတ်) လိုက်နာရန် "အငှားချထားခြင်းခံရသူ" (သို့မဟုတ်) "အငှားချထားသူ" သို့ အကြောင်းကြားစာ ပေးပို့ပြီးနောက် အကြောင်းကြားစာပါ ကာလအတွင်း လိုက်နာမှုမရှိပါက အထက်အပိုဒ်(၁၉)ပါ အငြင်းပွားမှု ဖြေရှင်းသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

၃၀။ ဤစာချုပ်တွင်ပါရှိသော နောက်ဆက်တွဲများသည် စာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

ကန့်သတ်

၁၅

၃၁။ အထက်ဖော်ပြပါ စည်းကမ်းချက်များကို သဘောတူလက်ခံပါသဖြင့် အောက်ပါအသိသက်သေ အစုံအလင်ရှေ့မှောက်တွင် ၂၀၁၃ ခုနှစ် ဧပြီလ (၃၀)ရက်၌ "အငှားချထား သူ"နှင့် "အငှားချထားခြင်းခံရသူ"တို့ လက်မှတ်ရေးထိုးကြပါသည်-

အငှားချထားသူ(ကိုယ်စား)

ဦးရည်မွန်
ဦးဆောင်ညွှန်ကြားရေးမှူး
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

အငှားချထားခြင်းခံရသူ(ကိုယ်စား)

ဦးဝင်းဆွေ
အုပ်ချုပ်မှုဒါရိုက်တာ
Win & Win Co.,Ltd
အမှတ်(၆)၊(၆)မိုင်ပြည်လမ်း၊ လှိုင်မြို့နယ်

အသိသက်သေများ

၁။ ဦးဟန်တင်
ညွှန်ကြားရေးမှူး(ရောင်းချဖြန့်ဖြူးရေးဌာန)
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

၂။ ဒေါ်စိုးစိုးဦး
ညွှန်ကြားရေးမှူး(ငွေစာရင်း)
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း


၃။ ဦးစိုးနီ
အထွေထွေမန်နေဂျာ
စက်ဘီးစက်ရုံ(ကျောက်ဆည်)
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

၁။ ဦးသက်ဖော်အောင်
မန်နေဂျာ
Win & Win Co.,Ltd

၂။


ကန့်သတ်

၃။ စက်ရုံ Layout Plan




1. Production Building(300'×100'×12')
2. Production Building(300'×100'×12')
3. Production Building(200'×100'×12') + (140'×100'×12')
4. Production Building (120'×80'×12')
5. Production Building (200'×100'12')
6. Raw Material Store (150'×100'×12') (A)
7. Raw Material Store (150'×100'×12') (B,C)
8. Finished Goods Store (150'×100'×12') (D,E)
9. Over Head Tank (20'×10')
10. Ground Tank (40'×30'×8') (50000 gal)
11. Pump House (20'×20'×10')
12. Transformer House (40'×20'×10') (1500 KVA × 2)
13. Brazing Furnace Building (30'×25'×12')
14. Toilet (50'×10')
15. Gate (16'×12')
16. Car Garage (70'×30'×14')
17. Gas Station (20'×15')
18. Dinning Hall (80'×20'×12')
19. Office (96'×52'×10')
20. Chemical Store (15'×15'×10')
21. Ground Tank (24'×12'×6')(10000 gal)
22. Oil Store (40'×20'×10')

၂။ အကျယ်အဝန်း



စက်ဘီးစက်ရုံ(ကျောက်ဆည်)

စက်ဘီးစက်ရုံ(ကျောက်ဆည်)



စက်ရုံအမည် - စက်ဘီးစက်ရုံ(ကျောက်ဆည်)


တည်နေရာ - မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊


ကျောက်ဆည်မြို့ အရှေ့ဘက် (၅)မိုင် (၁)ဖာလုံ အကွာ

အကျယ်အဝန်း - မြေဧရိယာ စုစုပေါင်း (၂၇. ၆၅)ဧက


စက်ဘီးစက်ရုံ(ကျောက်ဆည်)

၁။ စက်ရုံတည်နေရာ





စက်ဘီးစက်ရုံ (ကျောက်ဆည်)



ကုန်ထုတ်ဌာနခွဲ(၁) (ရန်ကုန်)


နောက်ဆက်တွဲ(က)

ပြေမှုရင်ပုံစံ - ၁၀၅

မှန်ကြောင်း သက်သေမင် / သက်သေမင်

[illegible]

စကေး ၁၆ = ၁ မိုင်



မြို့နယ် - ကျောက်ဆည်

ကွင်းအမှတ်/ကျေးရွာအုပ်စု

ကွင်းအမှတ် ၂၁၇

ပိုင်ရှင်အမည် ... နှင့်သက်ဆိုင်

ဦးပိုင်အမှတ်

ကျောက်ဆည်အား ... -

၂၇.၆၅ ဧက

မြို့နယ်မြေစာရင်းဦးစီးဌာနရုံး ကျောက်ဆည်မြို့

စာရင်းမြေပုံအရ စစ်ဆေးတည်ဖြစ်သည်

ဦးပိုင်အမှတ်	ဘာသာနှင့်ပြည်ကြာပိုင်ရှင်အမည်ရာ ပိုင်ရှင်မြေပြည်ရာ/ ဆိုးလဲ	ပိုင်ဆိုင်မှု	မြေပြုပြင်သည့်	ဧရိယာ(ဧက)	မှတ်ချက်
၆	ဦး ...		သာ	၀.၂၀	ကွင်းအမှတ် ၂၁၇
၇	" ...		"	၁.၅၀	"
၈	" ...		"	၁.၄၈	"
၁/၁	" ...		"	၅.၁၈	ကွင်းအမှတ် ၂၁၉
၂	" "		"	၀.၃၁	"
၄	" ...		"	၀.၇၈	"
၅	...		"	၈.၆၂	"
၆	...		"	၈.၅၂	"
			၀.၈၀	၁၁.၁၆	"
		ပေါင်း		၂၇.၆၅	

ရေကူးပေးသည့်အကြောင်းတရာ ...

(ပေါ်မြေယာဝကြောင်းအရာအရက်သာသာဆိုပြုခြင်းရှိသည်) ... (၁) ...

လျှောက်ထားသူအမည် - ... ကျောက်ဆည်မြို့

လျှောက်လွှာတင်သည့်နေ့စွဲ - ၂.၇.၂၀၀၇

လျှောက်သူသို့ထုတ်ပေးသည့်နေ့စွဲ - ၃.၇.၂၀၀၇

ယခုအထက်ပါမြေပုံမှာ ... မှန်ကန်ကြောင်း ... ဖြစ်ပါသည်။

ကြော့တိုး - ၄ (မြို့)
မြို့နယ်မြေစာရင်းဦးစီးဌာန
ကျောက်ဆည်မြို့


လက်ထောက်ဦးစီးမှူး
တိုက်နယ်အမှတ် (...)
မြို့နယ်မြေစာရင်းဦးစီးဌာန
ကျောက်ဆည်မြို့

၄.၁၁.၀၁



စက်မှု ၁ ဝန်ကြီးဌာန အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသုံး စက်ရုံများတည်ဆောက်ရာမြေပုံ

စကေး ၁၆ လက်မ = ၁ မိုင်



--- ၂၅.၈၇ ဧက

မြေတိုင်း-၄ (မြို့မ)
မြို့နယ်မြေစာရင်းဦးစီးဌာန
ကျောက်ဆည်မြို့

ပုံစံ(၃၃)

တိုင်းဒေသကြီး သဘာဝရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မန္တလေးတိုင်း ၊ မန္တလေးမြို့

လယ်ယာမြေကိုသတ်မှတ်သည့်နည်းလမ်းအတိုင်းအသုံးချရန်ဆိုင်သည့်အမိန့်

(အမိန့်အမှတ်၊ ၂၆/၂၀၀၅)

၁၃၆၇-ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်

၂၀၀၅-ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်

၁၉၅၃-ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉ အရလယ်ယာမြေကိုသတ်မှတ်သည့်နည်းလမ်း အတိုင်း အသုံးချစေရန်ဆင့်ဆိုပေးပိုင်ခွင့် ကိုစွဲနှင့်ပတ်သက်၍ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး၏(၂၂-၁၁-၁၈) ရက်စွဲပါစာအမှတ်၊ ၁၀/၆၀၁-ဆ/အဖရဖြင့်လုပ်ပိုင်ခွင့်အာဏာအပ်နှင်းချက်အရ အောက်ပါဇယားတွင်ဖော်ပြသည့်လယ်ယာမြေကိုစိုက်ပျိုးမှုအပေါ်တိုင်(၈)တွင်ဖော်ပြ သောနည်းလမ်းအတိုင်းအသုံးချရမည်ဖြစ်ကြောင်း (၂-၇-၂၀၀၅) ရက်နေ့တွင် ပြုလုပ်သည့်တိုင်းဒေသကြီး သဘာဝရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အစည်းအဝေးအမှတ် စဉ်(၁၀/၂၀၀၅)တွင်တင်ပြဆုံးဖြတ်ချက်ဖြင့် စီမံကိန်း မန်နေဂျာ၊ စက်ကြီးစက်ရုံ၊ ကျောက်ဆည်မြို့အား ခွင့်ပြုလိုက်သည်-

တိုင်း	မြို့နယ်	ကျေးရွာအုပ်စု	ကွင်း / အကွက်		ဦးပိုင် /ဧရိယာ		အသုံးချရမည့်နည်းလမ်း	တာယာဘုံ့ အမှတ်စဉ်
			အမှတ်	အမည်	အမှတ်	ဧက		
၁	၂	၃	၄	၅	၆	၇	၈	၉
မန္တလေး	ကျောက်ဆည်	ကုလားကျောင်း	၂၁၀-က ၂၁၉-ခ ။	ကုလားကျောင်း ကျောက်ခြသေ့ ။	၆၊ ၇၊ ၈။ ၁/၁၊ ၂၊ ၄၊ ၅၊ ၆။ ၁၁ အေ။	၃.၁၈ ၂၃.၃၁ ၁.၁၆	စက်ကြီးစက်ရုံမြေ	၆၀၉/၂၀၀၄
					ပေါင်း	၂၇.၆၅		

မှတ်ချက်။ (က) အထက်ဇယားတွင်ဖော်ပြသောလယ်ယာမြေကို မြေစာရင်းဦးစီးဌာန စာရင်းတွင်စက်ကြီးစက်ရုံမြေအဖြစ်ပြောင်းလဲရန် ၁၉၅၄-ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးနည်းဥပဒေပုဒ်မ ၈၄ အရ ခွင့်ပြုသည်၊

(ခ) အထက်ဇယားအကွက်(၈)၌ဖော်ပြသောနည်းလမ်းအတိုင်း လယ်ယာမြေကိုအသုံးမချလျှင်ဤအမိန့်ကိုအက်ဥပဒေ၏ပုဒ်မ ၃၅အရပယ်ဖျက်မည့် အပြင်ဤအမိန့်ကိုလိုက်နာရန်ပျက်ကွက်သူသည်အက်ဥပဒေ၏ပုဒ်မ ၄၈အရ ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်၊

(ဂ) အထက်ဖော်ပြပါဦးပိုင်အမှတ်နှင့်ဧရိယာများကို(၂၀၀၂-၂၀၀၃ ခုနှစ်၊ နောက်ဆက်တွဲမြေပုံစာရင်းများမှ ကောက်နုတ်သုံးစွဲသည်။

(ဦးအောင်ရှ)

ဦးအောင်ရှ (ကျိုက်ပေါ်)

(ဒုတိယဗိုလ်မှူးကြီးကြည်သန်း ၊ အတွင်းရေးမှူး)

စာအမှတ်၊ ၅/၄၃-၂၃၇/ဦး ၆(၄၆၈၉)

ရက်စွဲ ၊ ၂၀၀၅-ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်

မိတ္တူကို -

(၁) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရန်ကုန်

(၂) တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေး

(၃) တိုင်းမြေစာရင်းဦးစီးဌာန၊ မန္တလေး (သက်ဆိုင်ရာမြေစာရင်း မြေပုံတိုင်းမှတ်ကြား ရေးသွင်းနိုင်ရေးအတွက် ညွှန်ကြားပေးသွားရန်။)

(၄) ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကျောက်ဆည်

(၅) ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်ဆည်

(၆) ခရိုင်မြေစာရင်းဦးစီးဌာန၊ ကျောက်ဆည်

(၇) မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကျောက်ဆည်

(၈) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်ဆည်

(၉) မြို့နယ်မြေစာရင်းဦးစီးဌာန၊ ကျောက်ဆည်

(၁၀) ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကုလားကျောင်းကျေးရွာ၊ ကျောက်ဆည်မြို့နယ်

(၁၁) လျှောက်ထားသူ-

ဝမ်မိုက်ဘန်း မန်နေဂျာ
ဝက်ဘား ဝက်ရုံ၊ ကျောက်ဆည်မြို့။

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

စက်ဘီးစက်ရုံ(ကျောက်ဆည်)

စက်ရုံငှားရမ်းရေးအတွက်


စက်ရုံဆိုင်ရာ အချက်အလက်များ

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ရက်

စက်ဘီးစက်ရုံ(ကျောက်ဆည်)

၊ ဝန်ထမ်းအိမ်ယာအဆောက်အဦများ

ဉ်	အဆောက်အဦအမည်	အမျိုးအစား	အလျား/အနံ/အမြင့်	မှတ်ချက်
၁	စက်ရုံမှူးနေအိမ်(၁)လုံး	RC အဆောက်အဦ အုတ်ကြွပ်မိုး	(၅၄' × ၃၄'× ၁၂')	
၂	ဒုစက်ရုံမှူးနေအိမ်(၁)လုံး	RC အဆောက်အဦ အုတ်ကြွပ်မိုး	(၄၄' × ၃၄'× ၁၂')	
၃	ဧည့်ရိပ်သာ(၁)လုံး	RC အဆောက်အဦ အုတ်ကြွပ်မိုး	(၅၄' × ၃၄'× ၁၂')	
၄	အရာထမ်းနေအိမ်(၉)လုံး	RC အဆောက်အဦ အုတ်ကြွပ်မိုး	(၄၄' × ၂၄'× ၁၂')	
၅	နှစ်ခန်းတွဲစိတ်မှူး၊စုမှူးနေအိမ်(၆)လုံး	RC အဆောက်အဦ အုတ်ကြွပ်မိုး	(၅၄' × ၁၈'× ၁၂')	
၆	အခြားအဆင့်(၆)ခန်းတွဲနေအိမ်(၇)လုံး	RC အဆောက်အဦ အုတ်ကြွပ်မိုး	(၁၂၆' × ၃၆'× ၁၂')	
၇	အပျိုဆောင်/လူပျိုဆောင်(၆)လုံး	RC အဆောက်အဦ အုတ်ကြွပ်မိုး	(၁၀၈' × ၂၀'× ၁၂')	
၈	ဝန်ထမ်းတန်းလျားဘာရှာ အဆောက်အဦ(၁)လုံး	ပျဉ်ထောင်သွပ်မိုး	(၁၂၆' × ၃၆'× ၁၀')	



1 FLOOR PLAN FOR WAREHOUSE
Scale: 1/32"=1'-0"

Architect 81

ARCHITECT FIRM
Architect 81

CONSTRUCTION FIRM
WIN & WIN CO.,LTD


PROJECT
WAREHOUSE PROPOSAL


OWNER / APPLICANT
WIN & WIN CO.,LTD


ADDRESS

DRAWING TITLE
FLOOR PLAN


DATE
SCALE 1/32" = 1'-0"
SHEET NO. P-001







ဝင်း နှင့် ဝင်း သစ်ပါးလွှာစက်ရုံ တည်နေရာပြ မြေပုံ



- ၁ (1) -

စာရင်းပိုင်ရှင်၏ ဓာတ်ပုံ

ACCOUNT HOLDER PHOTO



စာရင်းပိုင်ရှင်၏ အကြောင်းအရာ

PARTICULARS OF ACCOUNT HOLDER

ACCOUNT NO. 1DA-04-97217

NAME OF ACCOUNT WIN & WIN CO., LTD

NAME(S)OF ACCOUNTHOLDER(S)	REGISTRATION NO.	OCCUPATION
U WIN SWE	PGU 225824	M.D
DAW MYAT THIDA MYINT	KTDA 006471	DIRECTOR

NO.400, STRAND RD, LATHA TSP, YANGON

ထုတ်ပေးသည့်ရက်စွဲ 05/12/2014

DATE OF ISSUE

မြန်မာနိုင်ငံခြား ကုန်သွယ်မှုဘဏ်
MYANMA FOREIGN TRADE BANK

စဉ် SR	ရက်စွဲ DATE	အကြောင်းအရာ PARTICULARS	သွင်းငွေ DEPOSIT	ထုတ်ငွေ WITHDRAWAL	လက်ကျန်ငွေ BALANCE	လက်မှတ် SIGNATURE
1	10/04/15	BF			2928.86	
2	23/04/15	MF39DSGPE02092		50.00	2,878.86	
3	08/07/15	FR 1DA0402154 M	58,000.00		60,878.86	

Kanbawza Bank Ltd.Kamayut Branch
615/1 ,5 1/2 Miles,Pyay Road,Kamayut Township,Yangon
Ph : 538072,538073,538074
Fax : 538067,538068,503008

Date : **23 July , 2015**

ACCOUNT NO. : 0211120021004

NAME : U WIN SWE , DR. MYAT THIDA MYINT
NRC : 12/LATHANA(N)007357 , 12/BAHANA(N)008648
ADDRESS : NO.6,PYAY RD,6MILES
HLAING
PHONE : 500894
Sanction Limit : 3,500,000,000.00

Expired Date : 20 Jun , 2016

Statement Of Transaction For The Date Between 21/07/2015 And 22/07/2015

Date_Time	Description	Withdrawal Amount	Deposit Amount	Balance
21 / 07 / 2015	Opening Balance			19,266,671.53
21 / 07 / 2015	Cash Deposit *		400,000.00	19,666,671.53
21 / 07 / 2015	By Transfer		49,970,450.00	69,637,121.53
22 / 07 / 2015	Closing Balance			69,637,121.53

No. of Withdrawals : 0
No. of Deposits : 2

Thank You For Banking With Kanbawza Bank Ltd.Kamayut Branch

Please report any descrepencies found on your statement immediately.
N.B - Statement will not be sent unless there is a change of transaction.

For Kanbawza Bank Ltd.Kamayut Branch

Asst: / DY Manager

Kanbawza Bank Ltd.Kamayut Branch
615/1 ,5 1/2 Miles,Pyay Road,Kamayut Township,Yangon
Ph : 538072,538073,538074
Fax : 538067,538068,503008

Date : **23 July , 2015**

ACCOUNT NO. : 0211120003916

NAME : DR. MYAT THIDA MYINT , U WIN SWE
NRC : KTDA-006471 , PGU-225824
ADDRESS : NO.19,7 MILES,PYAY RD
MAYANGONE
PHONE : 247915/701170
Sanction Limit : 3,600,000,000.00

Expired Date : 21 Mar , 2016

Statement Of Transaction For The Date Between 21/07/2015 And 22/07/2015

Date_Time	Description	Withdrawal Amount	Deposit Amount	Balance
1 / 07 / 2015	Opening Balance			-2,452,685,042.16
1 / 07 / 2015	Online Deposit TKA-U MYO NAING		3,034,550.00	-2,449,650,492.16
1 / 07 / 2015	Online Deposit DR MYAT THIDAR MYINT ,LMD,MA Y		324,800.00	-2,449,325,692.16
1 / 07 / 2015	Online Transfer Credit hty-2 , mg hnet		2,330,751.00	-2,446,994,941.16
1 / 07 / 2015	Remit Transfer, KSE, KO SOE MIN THU		14,000.00	-2,446,980,941.16
1 / 07 / 2015	By Transfer		29,286,100.00	-2,417,694,841.16
2 / 07 / 2015	Online Deposit DAW MYAT THIDAR MYINT,LMD,DAV		198,400.00	-2,417,496,441.16
2 / 07 / 2015	Cash Deposit *		2,029,300.00	-2,415,467,141.16
2 / 07 / 2015	Closing Balance			-2,415,467,141.16

No. of Withdrawals : 0
No. of Deposits : 7

Thank You For Banking With Kanbawza Bank Ltd.Kamayut Branch

Please report any descrepencies found on your statement immediately.
N.B - Statement will not be sent unless there is a change of transaction.

For Kanbawza Bank Ltd.Kamayut Branch

Asst: / DY Manager

Manager
Kanbawza Bank Ltd
Kamayut Branch

နိုင်ငံသား စိစစ်ရေး ကတ်ပြား



အရပ် — ၅′ ၁၀″

သွေးအုပ်စု — "A"

ထင်ရှားသည့်
အမှတ်အသား — ယသ
မျက်ခုံး မှဲ့ (၁) ချက်

၁၂/လသန
အမှတ် — (နိုင်) ၀၀၇၃၅၇

ရက်စွဲ — ၂၆-၄-၉၀

အမည် — မောင် ဝင်း ဆွေ
ဖခင်၏အမည် — ဦး ကျင်ဝင်း
မွေးသက္ကရာဇ် — ၁၀-၇-၆၃
လူမျိုး — တရုတ်
ကိုးကွယ်သည့်ဘာသာ — ခရစ်ယာန် ဘာသာ

ထုတ်ပေးသူ၏လက်မှတ်
အမည် —
ရာထူး —

သက်သေခံကတ်ပြားအမှတ် — ၉/လသန ၂၂၅၈၂၄



အလုပ်အကိုင် — ရှေ့နေ

နေရပ်လိပ်စာ — ၁၀၀၊ စဉ့်အိုးတန်း (၄) ရပ်ကွက်၊ လသာ

ထိုးမြဲလက်မှတ် —

မှတ်ချက်။ (၁) ခရီးသွားသည့်အခါ တစ်ပါတည်း ယူဆောင်သွားရမည်။

(၂) ပျောက်ဆုံး ပျက်စီးသည့်အခါ သက်ဆိုင်ရာ ပြည်သူ့ရဲစခန်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူးရုံး ထံသို့ သတင်းပေးပို့ရမည်။

နိုင်ငံသား စိစစ်ရေး ကတ်ပြား

အရပ်— ၅' ၃"

သွေးအုပ်စု— [illegible]

ထင်ရှားသည့် [illegible]

အမှတ် အသား— [illegible]



အမှတ်— [illegible]

ရက်စွဲ—

အမည်— [illegible]

မွေးသက္ကရာဇ်— ၂၀.၈.၆၆

လူမျိုး— [illegible]

ကိုးကွယ်သည့်ဘာသာ— [illegible]

ထုတ်ပေးသူ၏လက်မှတ်

အမည်— ([illegible])

ရာထူး— [illegible]

[illegible]

အလုပ်အကိုင်— [illegible]

နေရပ်လိပ်စာ— [illegible]

ကိုင်ဆောင်သူလက်မှတ် — [illegible]

မှတ်ချက်။ (၁) ခရီးသွားသည့်အခါ တပါတည်း ယူဆောင်သွားရမည်။

(၂) ပျောက်ဆုံး ပျက်စီးသည့်အခါ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီရုံး ပြည်သူ့ရဲစခန်း မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဦးစီးဌာန ရုံး တခုခုသို့ သတင်းပေးပို့ရမည်။

009868

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ....၈၆၅..../ ၁၉၉၉-၂၀၀၀

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ......ဝင်း နှင့် ဝင်း ကုမ္ပဏီ လီမိတက်......
..................................အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက်
ကုမ္ပဏီအဖြစ် ၁၉၉၉ နှစ်၊ စက်တင်ဘာ လ၊ ၂၄ ရက်နေ့တွင် မှတ်ပုံတင်ထားခြင်းအား
၂၀၁၃ နှစ်၊ စက်တင်ဘာလ၊ ၁၃ ရက်နေ့မှစ၍ သက်တမ်းတိုး ခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(နန်းရီရီသန်း ၊ ညွှန်ကြားရေးမှူး)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

NO. ....865....... of 1999-2000

I hereby certify that the tenure of ....WIN & WIN COMPANY LIMITED..........incorporated under the Myanmar Companies Act on ....24th SEPTEMBER 1999.......... is renewed with effected from ....13th SEPTEMBER 2013..........

For Director General
(Nang Yi Yi Than, Director)
Directorate of Investment and Company Administration

ကုမ္ပဏီနှင့်သက်ဆိုင်သည့်အချက်အလက်များ

(က) အုပ်ချုပ်မှုဒါရိုက်တာအမည်၊ ဦးဝင်းဆွေ (PGU-၂၂၅၈၂၄)

(ခ) ကုမ္ပဏီ ရုံးခန်းလိပ်စာ၊ အမှတ်(၆)၊(၆)မိုင်၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ၀၉-၅၁၆၅၁၄၀၆

(ဃ) ဒါရိုက်တာများ အမည်စာရင်း–

၁။ ဒေါ်မြတ်သီတာမြင့်
၁၂/ဗဟန(နိုင်)၀၀၈၆၄၈

မှတ်ချက်။ (၁) ဤကုမ္ပဏီမှတ်ပုံတင်လက်မှတ်သည်မှတ်ပုံတင်ရက်စွဲ(၁-၇-၂၀၁၃)မှ (၃၀-၆-၂၀၁၈)ရက်နေ့အထိ(၅)နှစ်သက်တမ်းအတွက်သာ ဖြစ်သည်။ သက်တမ်း မကုန်ဆုံးမီ (၃)လအလိုတွင် သက်တမ်းတိုးရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ လျှောက်ထား ရမည်။

(၂) ကုမ္ပဏီ အနေဖြင့် သင်းဖွဲ့မှတ်တမ်းတွင်အဆိုပြု တင်ပြထားသော လုပ်ငန်းရည်ရွယ်ချက်များကိုသာ လုပ်ကိုင်ရမည်။

(၃) သင်းဖွဲ့မှတ်တမ်းပါ ရည်ရွယ်ချက်များသည် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ခွင့် ရှိမည် ဖြစ်ပါသည်။

(၄) လုပ်ငန်းရည်ရွယ်ချက် ပြောင်းလဲ လုပ်ကိုင်လိုပါက ပြောင်းလဲ လုပ်ကိုင်လိုသည့် လုပ်ငန်း ရည်ရွယ်ချက်များအား သင်းဖွဲ့မှတ်တမ်းတွင် ပြင်ဆင်မှတ်ပုံတင်ရန်အတွက် ဒါရိုက်တာအဖွဲ့(BOD)၏ အထူး အစည်းအဝေး ဆုံးဖြတ်ချက် မှတ်တမ်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန သို့ လျှောက်ထား ရမည် ။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(မြင့်လွင်၊ ဒုတိယညွှန်ကြားရေးမှူး)

FORM VI

RETURN OF ALLOTMENTS
THE MYANMAR COMPANIES ACT.

(See Section 104)

(To be filed with the Registrar within one month after the Allotment is made)

Return of allotment from the 26th of March 2007

on the 26th of March 2007 of the * Win & Win Co., Ltd

Made pursuant to Section 104(1)

Number of the shares allotted payable in cash .... 4880 Shares

" " " " .....

Nominal amount of the shares so allotted Ks.48,800,000/-

" " " " .....

Amount paid or due and payable on each such share Ks.10,000/-

" " " " .....

Number of ordinary shares allotted for a consideration other than cash

Nominal amount of the ordinary shares so allotted .....

Amount to be treated as paid on each such share .....

The consideration for which such share have been allotted is as follows:-

---

NOTE: In making a return of allotments under Section 104(1) the Myanmar Companies Act., it is to be noted that-

1. When a return includes several allotments made on different dates, the actual date of only the first and last of such allotment should be entered at the tip of the front page, and the registration of the return should be effected within one month of the first date.

2. When a return relates to one allotment only, made on one particular date, that date only should be inserted and the spaces for the second date struck out and the world made substituted for the world "From" after the world "allotments" above.

Here insert name of Compnny.

Distinguish between preference, ordinary, or other description of shares.

Presented for filing by : U Win Swe (Managing Director)

Name, Address and Description of Allotees

Names & N.R.C No	Address	Description	Number of Shares Allotted	
			Preference	Ordinary
1. U Win Swe	No. 400, Strand Road, Latha Township, Yagon.	Merchant		4880
			Total	4880 Shares

Signature WIN SWE
Managing Director
Win & Win Co., Ltd.

Date 26.3.2007

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : WIN & WIN CO., LTD.

Presented by : U WIN SWE

The present christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
1. U WIN SWE	MYANMAR PGU - 225824	NO.400, STRAND ROAD, LATHA TOWNSHIP YANGON.	MERCHANT	MANAGING DIRECTOR
2. DAW MYAT THIDA MYINT	MYANMAR KTDA - 006[illegible]	NO. (76 -(E), INYA ROAD, KAMAYUT T/S, YANGON.	MERCHANT	DIRECTOR
3. U KYIN WAN *	MYANMAR BR-032161	NO.100, SIN OO DAN STREET, LATHA TOWNSHIP YANGON	MERCHANT	RESIGNED OF DIRECTOR W.E.F 28-8-2002
4. U MYO AUNG *	MYANMAR PGU-144061	NO.1[illegible], 22nd, STREET, LATHA T/S, YANGON. မှန်ကန်ပါသည် [signature]	MERCHANT	RESIGNED OF DIRECTOR W.E.F 28-8-2002

NOTE : (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.

(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of ...." and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Dated this 28-8-2002 [illegible handwritten Myanmar text]

Signature [signature]

Designation WIN SWE Managing Director

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီ

ဝင်း နှင့် ဝင်း ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

နှင့်

သင်းဖွဲ့စည်းမျဉ်းများ

❖ ❖ ❖ ❖

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Memorandum Of Association

AND

Articles Of Association

OF

WIN & WIN COMPANY LIMITED

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

ဝင်း နှင့် ဝင်း ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

❖ ❖ ❖ ❖ ❖ ❖ ❖

၁။ ကုမ္ပဏီ၏ အမည်သည် " ဝင်း နှင့် ဝင်း ကုမ္ပဏီ လီမိတက် " ဖြစ်ပါသည်။

၂။ ကုမ္ပဏီ၏ မှတ်ပုံတင် အလုပ်တိုက်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း တည်ရှိရမည်။

၃။ ကုမ္ပဏီ တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာ တစ်ဖက်စာမျက်နှာပါအတိုင်း ဖြစ်ပါသည်။

၄။ အစုဝင်များ၏ ပေးရန်တာဝန်ကို ကန့်သတ်ထားသည်။

၅။ ကုမ္ပဏီ၏ သတ်မှတ်မ,တည်ငွေရင်းသည် ကျပ် ၁၀၀ ၀၀၀ ၀၀၀ /-(ကျပ် သန်း တစ်ရာ တိတိ) ဖြစ်၍ ငွေကျပ်၁၀ ၀၀၀ /-(ကျပ် တစ် သောင်း တိတိ) တန် အစုရှယ်ယာပေါင်း (၁၀ ၀၀၀) ခွဲထားပါသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကိုကုမ္ပဏီ၏ စည်းမျဉ်းများနှင့် လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော တရားဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ အထွေထွေ သင်းလုံးကျွတ် အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့် နှင့် ပြင်ဆင်နိုင်ခွင့် အာဏာရှိစေရမည်။

အောက်တွင် အမည်၊ နိုင်ငံသား၊ နေရပ်နှင့် အကြောင်းအရာ စုံလင်စွာပါသော ဇယားတွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စီကိုယ်ငှသည် ဤသင်းဖွဲ့မှတ်တမ်းအရ ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် လိုလားသည့်အလျောက် ကျွန်ုပ်တို့၏ အမည်အသီးသီးနှင့် ယှဉ်တွဲ၍ ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မတည်ရင်းနှီးငွေတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

စဉ်	အစုထည့်ဝင်သူများ၏ အမည်၊ နေရပ်လိပ်စာနှင့် အလုပ်အကိုင်	နိုင်ငံသားနှင့် အမျိုးသား မှတ်ပုံတင်အမှတ်	ဝယ်ယူသော အစုရှယ်ယာ ဦးရေ	ထိုးမြဲလက်မှတ်
၁။	ဦး ကြင်ဝမ် အမှတ်-၁၀၀၊ စည်အိုးတန်း လမ်း ၄၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်)	မြန်မာ ဘအဘ-၀၃၂၀၆၁	၅၀	
၂။	ဦး ဝင်း ဆွေ အမှတ်-၄၀၀၊ ကမ်း နား လမ်း ၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်)	မြန်မာ ပဇဒ-၂၂၁၀၂၄	၅၀	
၃။				

ရန်ကုန်။ နေ့စွဲ၊ ၁၉၉၉ ခုနှစ်၊ ဩဂုတ် လ၊ ၁၇ ရက်။

အထက်ပါ လက်မှတ်ရှင်များသည် ကျွန်ုပ်၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်၊

ဦး [illegible] B... D.M.A.
[illegible]

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ

ဝင်း နှင့် ဝင်း ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့စည်းမျဉ်းများ

❖ ❖ ❖ ❖ ❖ ❖ ❖

၁။ ဤသင်းဖွဲ့စည်းမျဉ်းနှင့် လိုက်လျောညီထွေမဖြစ်သည့် စည်းမျဉ်းများမှအပ၊ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ နောက်ဆက်တွဲ ပထမဇယားပုံစံ 'က' ပါ စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် သက်ဆိုင်စေရမည်။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၇(၂)တွင် ဖော်ပြပါရှိသည့် မလိုက်နာ မနေရ စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် အစဉ်သဖြင့် သက်ဆိုင်စေ ရမည်။

အများနှင့် မသက်ဆိုင်သော ကုမ္ပဏီ

၂။ ဤကုမ္ပဏီသည် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီဖြစ်၍ အောက်ပါသတ်မှတ်ချက်များသည် အကျိုးသက်ရောက်စေရမည်။

(က) ဤကုမ္ပဏီက ခန့်အပ်ထားသော ဝန်ထမ်းများမှအပ၊ ဤကုမ္ပဏီ၏ အစုရှင်အရေအတွက်ကို ငါးဆယ်အထိသာ ကန့်သတ်ထားသည်။

(ခ) ဤကုမ္ပဏီ၏ အစုရှယ်ယာ သို့မဟုတ် ဒီဘင်ချာ သို့မဟုတ် ဒီဘင်ချာစတော့(ခ်) တစ်ခုခုအတွက် ငွေထည့်ဝင်ရန်အများပြည်သူတို့အား ကမ်းလှမ်းခြင်းမပြုလုပ်ရန် တားမြစ်ထားသည်။

မ,တည်ရင်းနှီးငွေနှင့် အစုရှယ်ယာ

၃။ ကုမ္ပဏီ၏ သတ်မှတ် မ,တည်ငွေရင်း မှာ ကျပ် ၁၀၀ ၀ ၀၀ ၀၀၀ /-(ကျပ် သန်း တစ်ရာ တိတိ) ဖြစ်၍ ငွေကျပ် ၁၀ ၀၀၀ /-(ကျပ် တစ်သောင်း တိတိ) တန် အစုရှယ်ယာပေါင်း (၁၀ ၀၀၀) ခွဲထားပါသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏ စည်းမျဉ်းများ နှင့် လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော တရားဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေသင်းလုံးကျွတ် အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့် အာဏာရှိစေရမည်။

၄။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေလျက် အစုရှယ်ယာများသည် ဒါရိုက်တာများ၏ ကြီးကြပ်ကွပ်ကဲမှု အောက်တွင် ရှိစေရမည်။ ၄င်းဒါရိုက်တာများသည် သင့်လျော်သော ပုဂ္ဂိုလ်များအား သတ်မှတ်ချက် အခြေအနေ တစ်စုံတစ်ရာဖြင့် အစုရှယ်ယာများကို ခွဲဝေချထားခြင်း သို့မဟုတ် ထုခွဲရောင်းချခြင်း တို့ကို ဆောင်ရွက်နိုင်သည်။

၅။ အစုရှယ်ယာလက်မှတ်များကို အထွေထွေမန်နေဂျာ သို့မဟုတ် ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့် အခြားပုဂ္ဂိုလ်များကလက်မှတ်ရေးထိုး၍ ကုမ္ပဏီ၏တံဆိပ် ရိုက်နှိပ်ထုတ်ပေးရမည်။ အစုရှယ်ယာ လက်မှတ်သည် ပုံပန်းပျက်ခြင်း၊ ပျောက်ဆုံးခြင်း၊ သို့မဟုတ် ပျက်စီးခြင်းဖြစ်ပါက အဖိုးအခဖြင့် ပြန်လည်အသစ်ပြုလုပ်ပေးမှုကို သော်လည်းကောင်း ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆသော အခြားသက်သေခံ အထောက်အထား တစ်စုံတစ်ရာကို တင်ပြစေ၍သော်လည်းကောင်း ထုတ်ပေးနိုင်သည်။ ကွယ်လွန်သွားသော အစုရှယ်ယာရှင်တစ်ဦး၏ တရားဝင် ကိုယ်စားလှယ်ကို ဒါရိုက်တာများက အသိအမှတ် ပြုပေးရမည်ဖြစ်သည်။

၆။ ဒါရိုက်တာများသည် အစုရှင်များက ၎င်းတို့၏ အစုရှယ်ယာများအတွက် မပေးသွင်းရသေးသော ငွေများကိုအခါအားလျော်စွာ တောင်းဆိုနိုင်သည်။ အစုရှင်တိုင်းကလည်း ၎င်းတို့ထံတောင်းဆိုသည့် အကြိမ်တိုင်း အတွက် ဒါရိုက်တာများက သတ်မှတ်သည့် ပုဂ္ဂိုလ်များထံ သတ်မှတ်သည့်အချိန်နှင့် နေရာတွင် ပေးသွင်းစေရန် တာဝန်ရှိစေရမည်။ ဆင့်ခေါ်မှုတစ်ခုအတွက် အရစ်ကျပေးသွင်းစေခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းတို့ကို ဒါရိုက်တာများက သတ်မှတ်နိုင်သည်။

ဒါရိုက်တာများ

၇။ သင်းလုံးကျွတ် အစည်းအဝေးက တစ်စုံတစ်ရာ သတ်မှတ်ပြဋ္ဌာန်းမှု မပြုလုပ်သမျှ ဒါရိုက်တာများ၏ အရေအတွက်သည် (၂) ဦးထက်မနည်း၊ (၁၅) ဦးထက်မများစေရ။

ပထမဒါရိုက်တာများသည်-

(၁) **ဦး ကြင်ဝင်း**

(၂) **ဦး ဝင်း ဆွေ**

(၃)

(၄)

(၅) တို့ဖြစ်ကြပါသည်။

၈။ ဒါရိုက်တာများသည် ၎င်းတို့အနက်မှ တစ်ဦးကို မန်နေဂျင်းဒါရိုက်တာအဖြစ် အချိန်အခါအလိုက် သင့်လျော်သော သတ်မှတ်ချက်များ၊ ဥာဏ်ပူဇော်ခများဖြင့် ခန့်ထားရမည်ဖြစ်ပြီး အခါအားလျော်စွာ ဒါရိုက်တာအဖွဲ့က ပေးအပ်သော အာဏာများ အားလုံးကို ၎င်းက အသုံးပြုနိုင်သည်။

၉။ ဒါရိုက်တာတစ်ဦးဖြစ်မြောက်ရန် လိုအပ်သော အရည်အချင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာ အနည်းဆုံး (၅)စုကို ပိုင်ဆိုင်ခြင်းဖြစ်၍ ၎င်းသည် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၈၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် တာဝန်ရှိသည်။

၁၀။ အစုရှယ်ယာများ လွှဲပြောင်းရန် တင်ပြချက်ကို မည်သည့် အကြောင်းပြချက်မျှ မပေးဘဲ ဒါရိုက်တာအဖွဲ့သည် ၎င်းတို့၏ပြည့်စုံ၍ ချုပ်ချယ်ခြင်းကင်းသော ဆင်ခြင်တွက်ဆမှုဖြင့် မှတ်ပုံတင်ရန် ငြင်းဆိုနိုင်သည်။

ဒါရိုက်တာများ၏ ဆောင်ရွက်ချက်များ

၁၁။ ဒါရိုက်တာများသည် ၎င်းတို့သင့်လျော်သည် ထင်မြင်သည့်အတိုင်း လုပ်ငန်းဆောင်ရွက်ရန် တွေ့ဆုံ ဆွေးနွေးခြင်း၊အစည်းအဝေး ရွှေ့ဆိုင်းခြင်း၊ အချိန်မှန်စည်းဝေးခြင်း၊ အစည်းအဝေးအထမြောက်ရန် အနည်းဆုံး ဒါရိုက်တာ ဦးရေသတ်မှတ်ခြင်း တို့ကိုဆောင်ရွက်နိုင်သည်။ ယင်းသို့ မသတ်မှတ်ပါက ဒါရိုက်တာနှစ်ဦး တက်ရောက်လျှင် အစည်းအဝေး အထမြောက်ရမည်။ အစည်းအဝေးတွင် မည်သည့်ပြဿနာမဆို ပေါ်ပေါက်ပါက မန်နေဂျင်းဒါရိုက်တာ၏ အဆုံးအဖြတ်သည် အတည်ဖြစ်ရမည်။ မည်သည့်ကိစ္စများကို မဆို မဲခွဲဆုံးဖြတ်ရာတွင် မဲအရေ အတွက် တူနေပါက သဘာပတိသည် ဒုတိယမဲ သို့မဟုတ် အနိုင်မဲကို ပေးနိုင်သည်။

၁၂။ ဒါရိုက်တာများ၏ အစည်းအဝေးကို မည်သည့်ဒါရိုက်တာကမဆို အချိန်မရွေး ခေါ်နိုင်သည်။

၁၃။ ဒါရိုက်တာအားလုံးက လက်မှတ်ရေးထိုးသော ရေးသားထားသည့်ဆုံးဖြတ်ချက်တစ်ရပ်သည် နည်းလမ်းတကျ ခေါ်ယူကျင်းပသော အစည်းအဝေးက အတည်ပြုသည့် ဆုံးဖြတ်ချက်ကဲ့သို့ပင် ကိစ္စအားလုံး အတွက် အကျိုးသက်ရောက်စေရမည်။

ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ

၁၄။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ နောက်ဆက်တွဲဇယားပုံစံ (က)ပါ စည်းမျဉ်းအပိုဒ် ၇၁ တွင် ပေးအပ်ထားသော အထွေထွေ အာဏာများကို မထိခိုက်စေဘဲ ဒါရိုက်တာများသည် အောက်ဖော်ပြပါ အာဏာများ ရှိရမည်ဟု အတိအလင်း ထုတ်ဖော်ကြေညာသည်။ အာဏာဆိုသည်မှာ -

(၁) ဒါရိုက်တာများက သင့်လျော်သည်ဟုယူဆသော တန်ဖိုးနှင့်စည်းကမ်းများ၊ အခြေအနေများ သတ်မှတ်၍ ကုမ္ပဏီကရယူရန်အာဏာရှိသည့် မည်သည့်ပစ္စည်း၊ အခွင့်အရေးများ၊ အခွင့်အလမ်းများကိုမဆိုဝယ်ယူရန် သို့မဟုတ် အခြားနည်းလမ်းများဖြင့်ရယူပိုင်ဆိုင်ရန်အပြင် ကုမ္ပဏီကပိုင်ဆိုင်ခွင့်ရှိသောမည်သည့်ပစ္စည်း၊ အခွင့်အရေးများ၊ အခွင့်အလမ်းများကိုမဆို သင့်တော်သောစည်းကမ်းချက်များ သတ်မှတ်၍ရောင်းချခြင်း၊ အငှားချခြင်း၊ စွန့်လွှတ်ခြင်း၊ သို့မဟုတ် အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန်။

(၂) သင့်လျော်သောစည်းကမ်းသတ်မှတ်ချက်များဖြင့်ငွေကြေးများကိုချေးငှားရန် သို့မဟုတ်အဆိုပါချေးငှား သော ငွေကြေးများကို ပြန်လည်ပေးဆပ်ရန်အတွက် အာမခံများထားရှိရန်အပြင်၊ အထူးသဖြင့် ဤကုမ္ပဏီ၏ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့(ခ်)များ၊ ခေါ်ယူခြင်းမပြုရသေးသော ရင်းနှီးငွေများအပါအဝင် ယခုလက်ရှိနှင့် နောင်ရှိမည့် ပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အပေါင်ပြု၍ ထုတ်ဝေရန်။

(၃) ဤကုမ္ပဏီက ရယူထားသော အခွင့်အရေးများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ငွေကြေးအားဖြင့် ပေးချေရန်၊ သို့မဟုတ် အစုရှယ်ယာများ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများ သို့မဟုတ် ဤကုမ္ပဏီ၏အခြားသော အာမခံစာချုပ်များကို ထုတ်ပေးရန်၊ ထို့အပြင် အဆိုပါ အစုရှယ်ယာများ ထုတ်ပေးရာ၌ ငွေအပြည့် ပေးသွင်းပြီးသော အစုရှယ်ယာအနေဖြင့် သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသ ပေးသွင်းပြီးသော အစုရှယ်ယာများ အနေဖြင့်သော်လည်းကောင်း သဘောတူညီသကဲ့သို့ ထုတ်ဝေပေးရန်နှင့် အဆိုပါ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများ သို့မဟုတ် ကုမ္ပဏီ၏ အခြားသော အာမခံ စာချုပ်များဖြင့် ထုတ်ဝေပေးရာ၌ ခေါ်ဆိုခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ဤကုမ္ပဏီ၏ ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အပေါင်ပြု၍ဖြစ်စေ၊ ထိုကဲ့သို့မဟုတ်ဘဲဖြစ်စေ ထုတ်ပေးရန်။

(၄) ဤကုမ္ပဏီနှင့် ပြုလုပ်ထားသော ကန်ထရိုက်စာချုပ်များ၊ တာဝန်ယူထားသည့်လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်စေခြင်း အလို့ငှာခေါ်ယူခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ဤကုမ္ပဏီ၏ ပစ္စည်းရပ်များ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေါင်နှံ၍ သော်လည်းကောင်း၊ အပေါင်ပြု၍ သော်လည်းကောင်း သို့မဟုတ် အစုရှယ်ယာများအတွက် ငွေများ တောင်းခံခေါ်ယူ၍ သော်လည်းကောင်း ခွင့်ပြုရန် သို့မဟုတ် သင့်လျော်သည့်အတိုင်း ဆောင်ရွက်ရန်။

(၅) မန်နေဂျာများ၊ အတွင်းရေးမှူးများ၊ အရာရှိများ၊ စာရေးများ၊ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများကိုအမြဲတမ်း၊ ယာယီ သို့မဟုတ် အထူးကိစ္စရပ်များအတွက်ခန့်ထားခြင်း၊ ရပ်စဲခြင်း၊ ဆိုင်းငံ့ခြင်းများအတွက်လည်းကောင်း၊ အဆိုပါ ပုဂ္ဂိုလ်တို့၏တာဝန်များ၊ အာဏာများ၊ လစာငွေများ၊ အခြားငွေကြေးများကို သတ်မှတ်ရာ၌ လည်းကောင်း၊ အာမခံပစ္စည်းများ တောင်းခံရာ၌ လည်းကောင်း သင့်လျော်သလို ဆောင်ရွက်ရန်၊ ထို့အပြင် အဆိုပါ ကိစ္စရပ်များတွက် ကုမ္ပဏီ၏ မည်သည့် အရာရှိကိုမဆို ကိစ္စရပ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဒါရိုက်တာများ၏ကိုယ်စား ဆောင်ရွက်နိုင်ရေးအတွက် တာဝန်လွှဲအပ်ရန်။

(၆) ဤကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအား ဒါရိုက်တာရာထူးနှင့် တွဲဖက်၍ မန်နေဂျင်း ဒါရိုက်တာ၊ အထွေထွေ မန်နေဂျာ၊ အတွင်းရေးမှူး သို့မဟုတ် ဌာနခွဲ မန်နေဂျာအဖြစ် ခန့်ထားရန်။

(၇) မည်သည့် အစုရှင်ထံမှမဆို ၎င်းတို့၏ အစုရှယ်ယာများအားလုံးကို ဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ စွန့်လွှတ်ခြင်းအား သဘောတူညီသောစည်းကမ်းများဖြင့် လက်ခံရန်။

(၈) ဤကုမ္ပဏီက ပိုင်ဆိုင်သော သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသော သို့မဟုတ် အခြားအကြောင်းများကြောင့်ဖြစ်သော မည်သည့် ပစ္စည်းကိုမဆို ကုမ္ပဏီ၏ကိုယ်စား လက်ခံထိန်းသိမ်းထားရန်အတွက် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များကိုမဆို ခန့်ထားရန်နှင့် အဆိုပါ ယုံမှတ် အပ်နှံခြင်းများနှင့် ပတ်သက်၍ လိုအပ်သော စာချုပ်စာတမ်းများ ချုပ်ဆို ပြုလုပ်ရန်။

(၉) ဤကုမ္ပဏီ၏ အရေးအရာများနှင့် စပ်လျဉ်း၍ ဤကုမ္ပဏီက ပြုလုပ်သော သို့မဟုတ် ဤကုမ္ပဏီအပေါ် သို့မဟုတ် ဤကုမ္ပဏီ၏ အရာရှိများအပေါ် ပြုလုပ်သော တရားဥပဒေအရ စွဲဆို ဆောင်ရွက်မှုများကို တရားစွဲဆို၊ အရေးယူ၊ ခုခံကာကွယ်ရန် သို့မဟုတ် ခွင့်လွှတ်ရန်၊ ထို့အပြင် ဤကုမ္ပဏီက ရရန်ရှိသော ကြွေးမြီများနှင့် ဤကုမ္ပဏီအပေါ် တောင်းခံသော ကြွေးမြီများနှင့်ပတ်သက်၍ ပေးဆပ်ရန် အချိန်ကာလ ရွှေ့ဆိုင်းခွင့်ပြုခြင်း သို့မဟုတ် နှစ်ဦးနှစ်ဖက် သဘောတူ ကျေအေးခြင်းများ ပြုလုပ်ရန်။

(၁၀) ဤကုမ္ပဏီက ပေးရန်ရှိသော သို့မဟုတ် ရရန်ရှိသော ငွေတောင်းခံခြင်းများကို ဖြန်ဖြေရေး ခုံသမာဓိထံသို့ ဖြေရှင်းရန်အတွက် အပ်နှံရန်အပြင် ဖြန်ဖြေရေး ခုံသမာဓိ၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၁၁) ဤကုမ္ပဏီက ရရန်ရှိသောတောင်းဆိုချက်၊ တောင်းခံချက်များနှင့် ကုမ္ပဏီသို့ပေးရန်ရှိသော ငွေကြေးများအတွက် ပြေစာများ ပြုလုပ် ထုတ်ပေးခြင်း၊ လျှော်ပစ်ခြင်းနှင့် အခြားသောနည်းဖြင့်စွန့်လွှတ်ခြင်းများကို ပြုလုပ်ရန်။

(၁၂) လူမွဲစာရင်းခံရခြင်း၊ ကြွေးမြီး မဆပ်နိုင်ခြင်း ကိစ္စများနှင့် ပတ်သက်၍ ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်ရန်။

(၁၃) ငွေလွှဲစာတမ်းများ၊ ချက်လက်မှတ်များ၊ ဝန်ခံကတိစာချုပ်များ၊ ထပ်ဆင့် လက်မှတ်ရေးထိုးခြင်းများ၊ လျှော်ပစ်ခြင်းများ၊ ကန်ထရိုက် စာချုပ်များနှင့်စာရွက်စာတမ်းများကို ကုမ္ပဏီ၏ကိုယ်စား မည်သူက လက်မှတ် ရေးထိုးခွင့်ရှိသည်ကို စိစစ်သတ်မှတ်ရန်။

(၁၄) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆပါက သင့်လျော် လျှောက်ပတ်သောနည်းလမ်းများဖြင့် လတ်တလော အသုံးပြုရန် မလိုသေးသော ကုမ္ပဏီပိုင် ငွေများကို အာမခံပစ္စည်း ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ရင်းနှီးမြှုပ်နှံထားရန်နှင့် စီမံခန့်ခွဲထားရန်။ ထို့အပြင် အချိန်ကာလအားလျော်စွာ မြှုပ်နှံထားသောငွေကို ပြန်လည်ရယူရန်နှင့် ပြင်ဆင်ပြောင်းလွှဲရန်။

(၁၅) ဤကုမ္ပဏီ၏ အကျိုးအတွက် ငွေကြေး စိုက်ထုတ် ကုန်ကျခံထားသော ဒါရိုက်တာ သို့မဟုတ် အခြား ပုဂ္ဂိုလ်များက ကုမ္ပဏီ၏ (လက်ရှိနှင့် နောင်တွင်ရှိမည့်) ပစ္စည်းများကို ဤကုမ္ပဏီ၏ အမည်ဖြင့်ဖြစ်စေ၊ ဤကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ ပေါင်နှံခြင်းကို သင့်လျော်သည်ဟု ယူဆပါက ဆောင်ရွက်ခွင့်ပြုရန်။ အဆိုပါ ပေါင်နှံခြင်းဆိုရာ၌ ရောင်းချနိုင်သည့် အာဏာနှင့် အခြားသော သဘောတူညီထားသည့် တရားဝင်သဘော တူညီချက်များနှင့် ဥပဒေပြဋ္ဌာန်းချက်များပါ ပါဝင်သည်။

(၁၆) ဤကုမ္ပဏီကခန့်အပ်ထားသော မည်သည့်အရာရှိသို့မဟုတ် ပုဂ္ဂိုလ်ကိုမဆို အတိအကျဆောင်ရွက်ခဲ့သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုအတွက် ရရှိသော အမြတ်ငွေမှ ကော်မရှင်ပေးခြင်း သို့မဟုတ် ကုမ္ပဏီ၏ အထွေထွေ အမြတ်အစွန်းမှ ခွဲဝေပေး ခြင်းများ ပြုလုပ်ရန်နှင့် အဆိုပါကော်မရှင်များ၊ အမြတ်များခွဲဝေပေးခြင်း စသည်တို့ကို ဤကုမ္ပဏီ၏လုပ်ငန်းကုန်ကျစရိတ် တစ်စိတ်တစ်ဒေသအဖြစ် သတ်မှတ်ရန်။

(၁၇) ဤကုမ္ပဏီ၏လုပ်ငန်းများ၊ အရာရှိများ ဝန်ထမ်းများနှင့် အစုရှင်များအတွက် ထုတ်ပြန်ထားသော စည်းမျဉ်းများ၊ စည်းကမ်းချက်များ၊ စည်းကမ်းဥပဒေများကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ရန်။

(၁၈) ဤကုမ္ပဏီ၏လုပ်ငန်းအတွက် ဤကုမ္ပဏီ၏အမည်ဖြင့်ဖြစ်စေ၊ ဤကုမ္ပဏီ၏ကိုယ်စားဖြစ်စေ လိုအပ်သည်ဟု ယူဆလျှင် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်းများကို ပြုလုပ်ရန်၊ ဖျက်သိမ်းရန်နှင့် ပြင်ဆင်ရန် အပြင် အဆိုပါ ဆောင်ရွက်ချက် စာချုပ်များနှင့် ကိစ္စရပ်များကိုလည်းကောင်း ၄င်းတို့နှင့် စပ်လျဉ်းသော ကိစ္စရပ်များကို လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ရန်။

(၁၉) ဒါရိုက်တာများက သင့်လျော်လျှောက်ပတ်သည်ဟု ယူဆပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတွင် အကျိုးရှိစေရန်အတွက် မည်သည့် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်၊ စီးပွားရေး အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် ဘဏ် သို့မဟုတ် ငွေကြေးအဖွဲ့အစည်းထံမှ မဆို ငွေချေးယူရန်။

အထွေထွေအစည်းအဝေးကြီးများ

၁၅။ ကုမ္ပဏီကိုဥပဒေအရ ဖွဲ့စည်းတည်ထောင်ပြီးသည့်နေ့မှ တစ်ဆယ့်ရှစ်လအတွင်း အထွေထွေသင်းလုံးကျွတ် အစည်းအဝေးကြီးကိုကျင်းပရမည်။ ထို့နောက် ဒါရိုက်တာအဖွဲ့က သတ်မှတ်ပေးသည့် အချိန်နှင့် နေရာများတွင် ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် (နောက်ဆုံးကျင်းပသည့် အထွေထွေအစည်းအဝေးကြီးနှင့် တစ်ဆယ့်ငါးလထက် မပိုသည့်အချိန်၌) ကျင်းပရမည်။ သင်းလုံးကျွတ် အစည်းအဝေးစတင်၍ လုပ်ငန်းအတွက် ဆွေးနွေးချိန်တွင် အစည်းအဝေးအထမြောက်ရန် သတ်မှတ်သည့် အစုရှင်အရေအတွက် မတက်ရောက်သော မည်သည့်သင်းလုံးကျွတ် အစည်းအဝေးတွင်မဆို လုပ်ငန်းနှင့် ပတ်သက်၍ ဆုံးဖြတ်ဆောင်ရွက်ခြင်းမပြုရ။ ဤတွင်အခြားနည်း သတ်မှတ်ပြဋ္ဌာန်းခြင်း မရှိလျှင် ထုတ်ဝေထားသည့် မ,တည် ရင်းနှီးငွေ အစုရှယ်ယာများ၏ ငါးဆယ်ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်ကြသည့် (နှစ်ဦးထက်မနည်းသော) အစုရှင်များ ကိုယ်တိုင်တက်ရောက်လျှင် လုပ်ငန်းကိစ္စအားလုံး ဆောင်ရွက်ရန်အတွက် အစည်းအဝေးအထမြောက်သည့်ဦးရေ ဖြစ်သည်။ အကယ်၍ ကုမ္ပဏီတွင်အစုရှင်အရေအတွက် နှစ်ဦးတည်းသာရှိသည့် ကိစ္စတွင်မူ ထိုနှစ်ဦးတည်းသည်ပင်လျှင် အစည်းအဝေး အထမြောက်ရန် သတ်မှတ်သည့် အရေအတွက် ဖြစ်စေရမည်။

အမြတ်ဝေစုများ

၁၆။ သင်းလုံးကျွတ်အစည်းအဝေးတွင် ဤကုမ္ပဏီ၏ အစုရှင်များအား ခွဲဝေပေးမည့် အမြတ်ဝေစုကို ကြေညာရမည်။ သို့ရာတွင် အမြတ်ဝေစုသည် ဒါရိုက်တာများက ထောက်ခံသော ငွေပမာဏထက် မကျော်လွန်စေရ။ သက်ဆိုင်ရာနှစ်၏ အမြတ်ပမာဏ သို့မဟုတ် အခြားမခွဲဝေရသေးသည့် အမြတ်ပမာဏမှအပ အမြတ်ဝေစုကို ခွဲဝေမပေးရ။

ရုံးဝန်ထမ်းများ

၁၇။ ကုမ္ပဏီသည် လုပ်ငန်းရုံးတစ်ခုကို ဖွင့်လှစ်၍ ဆောင်ရွက်မည်ဖြစ်ပြီး အရည်အချင်း ပြည့်မီသူပုဂ္ဂိုလ်တစ်ဦးအား အထွေထွေမန်နေဂျာအဖြစ် ခန့်အပ်ရန်နှင့် အခြားအရည်အချင်း ပြည့်မီသူများအား ရုံးဝန်ထမ်းများအဖြစ် ခန့်အပ်မည်ဖြစ်သည်။ လစာ၊ ခရီးသွားလာစရိတ်နှင့် အခြားအသုံးစရိတ်များကဲ့သို့သော ဥာဏ်ပူဇော်ခများနှင့် အခကြေးငွေများကို ဒါရိုက်တာအဖွဲ့က သတ်မှတ်မည်ဖြစ်ပြီး ၄င်းသတ်မှတ်ချက်များကို သင်းလုံးကျွတ် အစည်းအဝေးက အတည်ပြုရမည်။ အထွေထွေမန်နေဂျာသည် လုပ်ငန်းရုံး၏ ထိရောက်စွာလုပ်ငန်း လည်ပတ်မှုအားလုံးအတွက် တာဝန်ရှိစေရမည်ဖြစ်ပြီး မန်နေဂျင်း ဒါရိုက်တာအားတာဝန်ခံ၍ ဆောင်ရွက်ရမည်။

ငွေစာရင်းများ

၁၈။ ဒါရိုက်တာများသည် သင့်လျော်သည့် ငွေစာရင်းစာအုပ်များကို အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ထားသိုထိန်းသိမ်း ဆောင်ရွက်ရမည်။

(၁) ကုမ္ပဏီ၏ ရငွေ၊ သုံးငွေများ၏ ပမာဏနှင့် ၄င်းရငွေ၊ သုံးငွေများ ဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းကိစ္စများ။

(၂) ကုမ္ပဏီ၏ ကုန်ပစ္စည်းများ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများ။

(၃) ဤကုမ္ပဏီ၏ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ။

၁၉။ ငွေစာရင်းစာအုပ်အားလုံးကို ဤကုမ္ပဏီ၏ မှတ်ပုံတင်ထားသော လုပ်ငန်းရုံး သို့မဟုတ် ဒါရိုက်တာများက သင့်လျော်သည်ဟု ထင်မြင်ယူဆသော အခြားနေရာတွင် သိမ်းဆည်းထားရမည်ဖြစ်ပြီး၊ ရုံးချိန်အတွင်း၌ ဒါရိုက်တာများက စစ်ဆေးနိုင်ရန် ပြသထားရမည်။

စာရင်းစစ်

၂၀။ စာရင်းစစ်များကို ခန့်အပ်ထားရမည်။ ၄င်းစာရင်းစစ်များ၏ တာဝန်သည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် စည်းမျဉ်း စည်းကမ်းများနှင့် လိုက်လျောညီထွေ ဖြစ်ရမည်။

နို့တစ်စာ

၂၁။ ဤကုမ္ပဏီသည် မည်သည့်အစုရှင်ထံသို့မဆို နို့တစ်စာကို လက်ရောက်ပေးအပ်ခြင်း သို့မဟုတ် နို့တစ်စာပါသော စာကို စာတိုက်ခ ကြိုတင်ပေးထား၍ ၎င်းအစုရှင်ထံ မှတ်ပုံတင်လိပ်စာအတိုင်း စာတိုက်မှတစ်ဆင့် လိပ်မူ ပေးပို့ခြင်းအားဖြင့် ပေးပို့နိုင်သည်။

တံဆိပ်

၂၂။ ဒါရိုက်တာများသည် တံဆိပ်ကို လုံခြုံစွာထိန်းသိမ်းထားရန်အတွက် စီမံဆောင်ရွက်ရမည်။ ထိုတံဆိပ်ကို ဒါရိုက်တာများကကြိုတင်ပေးအပ်ထားသည့် ခွင့်ပြုချက်ဖြင့်မှတစ်ပါး၊ ထို့အပြင် အနည်းဆုံး ဒါရိုက်တာတစ်ဦး ရှေ့မှောက်တွင်မှတစ်ပါး မည်သည့်အခါမျှ မသုံးရ။ တံဆိပ်ရိုက်နှိပ်ထားသည့် စာရွက်စာတမ်းတိုင်းတွင် ထိုဒါရိုက်တာက လက်မှတ်ရေးထိုးရမည်။

လျော်ကြေး

၂၃။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၈၆ (ဂ) တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ၊ လက်ရှိတရားဝင် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ကုမ္ပဏီ၏ ဒါရိုက်တာ၊ စာရင်းစစ်၊ အတွင်းရေးမှူး သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးမှာ မိမိ၏ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရာ၌ဖြစ်စေ၊ ထိုတာဝန် ဝတ္တရားများနှင့် စပ်လျဉ်း၍ဖြစ်စေ ကျခံခဲ့ရသည့်စရိတ်များ၊ တောင်းခံငွေများ၊ ဆုံးရှုံးငွေများ၊ ကုန်ကျငွေများနှင့် ကြွေးမြီတာဝန်များ အတွက် ကုမ္ပဏီထံမှ လျော်ကြေး ရထိုက်ခွင့်ရှိစေရမည်။

ဖျက်သိမ်းခြင်း

၂၄။ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီအား ဖျက်သိမ်းနိုင်သည်။ ယင်းသို့ ဖျက်သိမ်းရာတွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေများနှင့် ယင်းဥပဒေများအား အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲထားသည့် တရားဥပဒေများတွင် ပါဝင်သည့် စည်းမျဉ်းများအတိုင်း လိုက်နာပြုလုပ်ရမည်။

❖ ❖ ❖ ❖ ❖ ❖ ❖

အောက်တွင် အမည်၊ နိုင်ငံသား၊ နေရပ်နှင့် အကြောင်းအရာ စုံလင်စွာပါသော ဇယားတွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စီကိုယ်ငှသည် ဤသင်းဖွဲ့စည်းမျဉ်းအရ ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် လိုလားသည့်အလျောက် ကျွန်ုပ်တို့၏ အမည်အသီးသီးနှင့် ယှဉ်တွဲ၍ ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မတည်ရင်းနှီးငွေတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

စဉ်	အစုထည့်ဝင်သူများ၏ အမည်၊ နေရပ်လိပ်စာနှင့် အလုပ်အကိုင်	နိုင်ငံသားနှင့် အမျိုးသား မှတ်ပုံတင်အမှတ်	ဝယ်ယူသော အစုရှယ်ယာ ဦးရေ	ထိုးမြဲလက်မှတ်
၁။	ဦး ကြင်ဝမ် အမှတ်-၁၀၀၊ စည်အိုးတန်း လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်)	မြန်မာ ဘအ၁၇ - ၀၃၂၁၆၁	၅၀	
၂။	ဦး ဝင်း ဆွေ အမှတ်-၄၀၀၊ ကမ်းနား လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်)	မြန်မာ ပီဂျီယူ-၂၂၁၀၄	၅၀	
၃။				

ရန်ကုန်။ နေ့စွဲ၊ ၁၉၉၉ခုနှစ်၊ ဩဂုတ်လ၊ ၁၇- ရက်။

အထက်ပါ လက်မှတ်ရှင်များသည် ကျွန်ုပ်၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

ဦး စော လွင် BA. BL. D.MA.

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Memorandum Of Association

OF

WIN & WIN COMPANY LIMITED

❖ ❖ ❖ ❖ ❖ ❖ ❖

I. The name of the Company is WIN & WIN COMPANY **LIMITED.**

II. The registered office of the Company will be situated in the Union of Myanmar.

III. The objects for which the Company is established are as on the next page.

IV. The liability of the members is limited.

V. The authorised capital of the Company is Ks. 100,000,000/- (Kyats ONE HUNDRED MILLION Only) divided into (10,000) shares of Ks. 10,000 /- (Kyats TEN THOUSAND Only) each, with power in General Meeting either to increase, reduce or alter such capital from time to time in accordance with the regulations of the Company and the legislative provisions for the time being in force in this behalf.

Objectives of Industry and Manufacturing

1. To carry on the business of manufacturing, growing, milling and preserving etc; of the following commodities permitted by the Government, either solely on its own or in Joint-venture with any local or foreign partners.
   (a) Growing, producing, harvesting, preserving, packing, milling and manufacturing of agricutural and farm products.
   (b) Felling, extracting (with the permission from the authorities concerned) milling, manufacturing, preserving and seasoning of timber (excluding teak) and forest products.
   (c) Livestock breeding, processing and canning of livestock products.
   (d) Fishing, preserving, milling, canning and processing of marine products.
   (e) Producing fertilizers, insecticides and animal feeds.
   (f) Manufacturing of personal goods.
   (g) Manufacturing of household goods.
   (h) Manufacturing of vehicles, machineries and spares.
   (i) Manufacturing of arts and crafts, lacquerwares and furniture.
   (J) Manufacturing of construction materials and paints.
   (k) Manufacturing of factory utencils.
   (1) Manufacturing of electrical and electronic goods.
   (m) Manufacturing of textile, garments and clothings.
   (n) To carry on the business of exploration, exploitation, production, processing of minerals and marketing of its products with the permission of the Government.

To import machinery, spare parts, raw materials and others necessary for those activities mentioned above and to sell wholesale and retail finished and semi-finished products locally and abroad.

To borrow money for the benefit of the Company's business from any person, firm, company, bank or financial organization in the manner that the Company shall think fit.

ROVISO: Provided that the Company shall not exercise any of the above objects whether in the Union ofMyanmar or elsewhere, save in so for as it may be entitled so as to do in accordance with the Laws, Orders and Notifications in force from time to time and only subject to such permission and or approval as may be prescribed by the Laws, Orders and Notifications of the Union ofMyanmar for the time being in force

We, the several persons, whose names, nationalities, addresses and descriptions are subscribed below, are desirous of being formed into a Company in pursuance of this Memorandum of Association, and we respectively agree to take the number of shares in the capital of the Company set opposite our respective names.

Sr. No:	Name, Address and Occupation of Subscribers	Nationality & N. R. C. No.	Number of shares taken	Signatures
1.	U Kyin Wan No.100,Sin Oo Dan Street, Latha Township,Yangon. (Merchant)	Myanmar BR.032161	50	
2.	U Win Swe No.400,Strand Road,Latha Township,Yangon. (Merchant)	Myanmar PGU-225824	50	
3.				

Yangon. Dated the 17th day of August , 1999

It is hereby certified that the persons mentioned above put their signatures in my presence.

ဦးစောညွှင့် B.A., BL, D.M.A,

[illegible]

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Articles Of Association

OF

WIN & WIN COMPANY LIMITED

❖ ❖ ❖ ❖ ❖ ❖ ❖

1. The regulations contained in Table 'A' in the First Schedule to the Myanmar Companies Act shall apply to the Company save in so far as such regulations which are inconsistent with the following Articles. The compulsory regulations stipulated in Section 17 (2) of the Myanmar Companies Act shall always be deemed to apply to the Company.

PRIVATE COMPANY

2. The Company is to be a Private Company and accordingly following provisions shall have effect:-

   (a) The number of members of the Company, exclusive of persons who are in the employment of the Company, shall be limited to fifty.

   (b) Any invitation to the public to subscribe for any share or debenture or debenture stock of the Company is hereby prohibited.

CAPITAL AND SHARES

3. The Authorised Capital of the Company is Ks. 100,000,000 /- (Kyats ONE HUNDRED MILLION Only) divided into(10,000 shares of K. 10,000 /- (Kyats TEN THOUSAND Only) each, with power in General Meeting either to increase, reduce or alter such capital from time to time in accordance with the regulations of the Company and the legislative provisions for the time being in force in this behalf.

4. Subject to the provisions of the Myanmar Companies Act the shares shall be under the control of the Directors, who may allot or otherwise dispose of the same to such persons and on such terms and conditions as they may determine.

5. The certificate of title to share shall be issued under the Seal of the Company, and signed by the General Manager or some other persons nominated by the Board of Directors. If the share certificate is defaced, lost or destroyed, it may be renewed on payment of such fee, if any, and on such terms, if any, as to evidence and indemnity as the Directors may think fit. The legal representative of a deceased member shall be recognised by the Directors.

6. The Directors may, from time to time make call upon the members in respect of any money unpaid on their shares, and each member shall be liable to pay the amount of every call so made upon him to the persons, and at the times and places appointed by the Directors. A call may be made payable by instalments or may be revoked or postponed as the Directors may determine.

DIRECTORS

7. Unless otherwise determined by a General Meeting the number of Directors shall not be less than (2) and not more than (9).

The First Directors shall be:-

(1) U Kyin Wan

(2) U WIN SWE

(3)

(4)

(5)

8. The Directors may from time to time appoint one of their body to the office of the Managing Director for such terms and at such remuneration as they think fit and he shall have all the powers delegated to him by the Board of Directors from time to time.

9. The qualification of a Director shall be the holding of at least (5) shares in the Company in his or her own name and it shall be his duty to comply with the provision of Section (85) of the Myanmar Companies Act.

10. The Board of Directors may in their absolute and uncontrolled discretion refuse to register any proposed transfer of shares without assigning any reason.

PROCEEDINGS OF DIRECTORS

11. The Director may meet together for the despatch of business, adjourn and otherwise regulate their meeting as they think fit and determine the quorum necessary for the transaction of business. Unless otherwise determined, two shall form a quorum. If any question arising at any meeting the Managing Director's decision shall be final. When any matter is put to a vote and if there shall be an equality of votes, the Chairman shall have a second or casting vote.

12. Any Director may at any time summon a meeting of Directors.

13. A resolution in writing signed by all the Directors shall be as effective for all purposes as a resolution passed out at meeting of the Directors, duly called, held and constituted.

POWERS AND DUTIES OF DIRECTORS

14. Without prejudice to the general power conferred by Regulation 71 of the Table "A" of the Myanmar Companies Act, it is hereby expressly declared that the Directors shall have the following powers, that is to say power:-

(1) To purchase or otherwise acquire for the Company any property, rights or privileges which the Company is authorized to acquire at such price, and generally on such terms and conditions as they think fit; also to sell, lease, abandon or otherwise deal with any property, rights or privileges to which the Company may be entitled, on such terms and conditions as they may think fit.

(2) To raise, borrow or secure the payment of such sum or sums in such manner and upon such terms and conditions in all respects as they think fit and in particular by the issue of debentures or debentures stocks of the Company charged upon all or any part of the property of the Company (both present and future) including its uncalled capital for the time being.

(3) At their discretion, to pay for any rights acquired or services rendered to the Company, either wholly or partially in cash or in shares, bonds , debentures or other securities of the Company and any such shares may be issued either as fully paid up or with such amount credited as paid up there on as may be agreed upon ; and any such bonds, debentures or other securities may be either specifically charged up on all or any part of the property of the Company and its uncalled capital or not so charged.

(4) To secure the fulfilment of any contract or engagement entered into by the Company by mortgage or charge upon all or any of the property of the Company and its uncalled capital for the time being or by granting calls on shares or in such manner as they may think fit.

(5) To appoint at their discretion, remove or suspend such Managers, Secretaries, Officers, Clerks, Agents and Servants for permanent, temporary or special services as they may from time to time think fit and to determine their duties and powers and fix their salaries or emoluments and to require security in such instances in such amount as they think fit and to depute any officers of the Company to do all or any of these things on their behalf.

(6) To appoint a Director as Managing Director , General Manager , Secretary or Departmental Manager in conjunction with his Directorship of the Company.

(7) To accept from any member on such terms and conditions as shall be agreed on the surrender of his shares or any part thereof.

(8) To appoint any person or persons to accept and hold in trust for the Company any property belonging to the Company or in which it is interested or for any other purposes and to execute and do all such deeds and things as may be requisite in relation to any such trust.

(9) To institute conduct, defend of abandon any legal proceedings by or against the Company or its officers or otherwise concerning the affairs of the Company and also to compound and allow time for payment or satisfaction of any debts due to or of any claims and demands by or against the Company.

(10) To refer claims and demands by or against the Company to arbitration and to observe and perform the awards.

(11) To make and give receipts, releases and other discharges for money payable to the Company and for the claims and demands of the Conpany.

(12) To act on behalf of the Company in all matters relating to bankruptcy and insolvency.

(13) To determine who shall be entitled to sign bills of exchange, cheques, promissory notes zreceipts,endorsements,releases, contracts and documents for or on behalf of the Company.

(14) To invest,place on deposit and otherwise deal with any of the moneys of the Company not immediately required for the purpose thereof, upon securities or without securities and in such manners as the Directors may think fit, and from time to time vary or realize such investments.

(15) To execute in the name and on behalf of the Company in favour of any Director or other person who may incur or be about to incur any personal liability for the benefit of the Company, such mortgages of the Company's property (present and future)as they think fit and any such mortgage may contain a power of sale and such other powers, covenants and provisions as shall be agreed on.

(16) To give any officer or other person employed by the Company a commission on the profits of any particular business or transaction or a share in the general profit of the Company and such commission or share of profit shall be treated as part of the working expenses of the Company.

(17) From time to time, to make, vary and repeal bye- laws for the regulation of the business of the Company, the officers and servants or the members of the Company or any section thereof.

(18) To enter into all such negotiations and contracts and rescind and vary all such contracts and execute and do all such acts, deeds and things in the name and on behalf of the Company as they may consider expedient for or in relation to any of the matter aforesaid or otherwise for the purposes of the Company.

(19) To borrow money for the benefit of the Company's business from any person, firm or company or bank or financial organization of local and abroad in the manner that the Directors shall think fit.

GENERAL MEETINGS

15. A general meeting shall be held within eighteen months from the date of its incorporation and thereafter at least once in every calendar year at such time (not being more than fifteen months after the holding of the last preceeding general meeting) and places as may be fixed by the Board of Directors. No business shall be transacted at any general meeting unless a quorum of members is presented at the time when the meeting proceeds to business, save as herein otherwise provided Member holding not less than 50 percent of the issued shares capital (not less than two members) personally present, shall form a quorum for all purposes. And if and when in the case of there are only two number of members in the Company, those two members shall form a quorum.

DIVIDENDS

16. The Company in general meeting may declare a dividend to be paid to the members, but no dividend shall exceed the amount recommended by the Directors .No dividends shall be paid otherwise than out of the profits of the year or any other undistributed profits .

OFFICE STAFF

17. The Company shall maintain an office establisment and appoint a qualified person as General Manager and other qualified persons as office staffs . The remunerations and allowances such as salaries, travelling allowances and other expenditures incidental to the business shall be determined by the Board of Directors, and approved by the general meeting .The General Manager shall be responsible for the efficient operation of the office in every respect and shall be held accountable at all times to the Managing Director.

ACCOUNTS

18. The Directors shall cause to be kept proper books of account with respect to:-

    (1) *all sums of money received and expended by the Company and the matters in respect of which the receipts and expenditures take place:*

    (2) *all sales and purchases of goods by the Company ;*

    (3) *all assets and liabilities of the Company.*

19. The books of account shall be kept at the registered office of the Company or at such other place as the Directors shall think fit and shall be opened to inspection by the Directors during office hours.

AUDIT

20. Auditors shall be appointed and their duties regulated in accordance with the provisions of the Myanmar Companies Act or any statutory modifications thereof for the time being in force.

NOTICE

21. A notice may be given by the Company to any member either personally or sending it by post in a prepaid letter addressed to his registered address.

THE SEAL

22. The Directors shall provide for the safe custody of the Seal, and the Seal shall never be used except by the authority of the Directors previously given, and in the presence of one Director at least, who shall sign every instrument to which the Seal is affixed.

INDEMNITY

23. Subject to the provisions of Section 86 (C) of the Myanmar Companies Act and the existing laws, every Director, Auditor, Secretary or other officers of the Company shall be entitled to be indemnified by the Company against all costs, charges, losses, expenses and liabilities incurred by him in the execution and discharge of the duties or in relation thereto.

WINDING - UP

24. Subject to the provisions contained in the Myanmar Companies Act and the statutory modification thereupon, the Company may be wound up voluntarily by the resolution of General Meeting.

❖ ❖ ❖ ❖

We, the several persons, whose names, nationalities, addresses and descriptions are subscribed below, are desirous of being formed into a Company in pursuance of this Articles of Association, and we respectively agree to take the number of shares in the capital of the Company set opposite our respective names.

Sr. No:	Name, Address and Occupation of Subscribers	Nationality & N. R. C. No.	Number of shares taken	Signatures
1.	U Kyin Wan No.100, Sin Oo Dan Street, Latha Township, Yangon. (Merchant)	Myanmar BR-032161	50	
2.	U Win Swe No.400, Strand Road, Latha Township, Yangon. (Merchant)	Myanmar PGU-225824	50	
3.				

Yangon. Dated the 17th day of August , 1999.

It is hereby certified that the persons mentioned above put their signatures in my presence.

ဦးစောထွင် B.A., B.L., D.M.A.

တရားလွှတ်တော်ရှေ့နေ

Product Photo



Product Photo



လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
နေပြည်တော်

စာအမှတ်၊ ၂(၅) ၃ - ၇၃ /နပတ (၄၉၈)

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်

အကြောင်းအရာ။ **သက်တမ်းတိုးမြှင့်လုပ်ကိုင်မည့် ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း) အပေါ် သဘောထားမှတ်ချက်နှင့် အကြံပြုချက်များပြန်ကြားပေးပါရန် ကိစ္စ**

ရည်ညွှန်းချက်။ (၁) စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ ၁၃-၃-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁၅၀၆ (၁-စမ) ၂၀၁၅/ ငှားရမ်း/ ၂၅၆

(၂) စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ ၉-၃-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၅၀၆ (၁-စမ) ၂၀၁၅/ ငှားရမ်း/ ၂၃၆

၁။ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် Win & Win Co., Ltd တို့ ချုပ်ဆိုမည့် စက်ဘီးစက်ရုံ(ကျောက်ဆည်)အား ငှားရမ်းရေးသဘောတူစာချုပ်ကို သက်တမ်းတိုးပြင်ဆင်ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)များအပေါ် သဘောထားမှတ်ချက်ပေးနိုင်ပါရန် ရည်ညွှန်းချက်(၁)ပါစာဖြင့် ထပ်မံမေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ အထက်ပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ရည်ညွှန်းချက်(၂)ပါစာဖြင့် ပထမအကြိမ်စာချုပ်(မူကြမ်း)ကို ပေးပို့ခဲ့ပါသည်။ ထို့နောက် နှစ်ဖက်စာချုပ်ဝင်တို့ ထပ်မံညှိနှိုင်း၍ ပြင်ဆင် ဖြည့်စွက်ပြုစုထားသည့် ပြင်ဆင်ချက်စာချုပ် (မူကြမ်း)အား ရည်ညွှန်းချက်(၁)ပါစာဖြင့် ထပ်မံပေးပို့လာပြီး ရည်ညွှန်းချက်(၂)ပါစာအား ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန်နှင့် ရည်ညွှန်းချက်(၁)ပါစာဖြင့် ပေးပို့လာသော စာချုပ်(မူကြမ်း)အပေါ် အကြံပြုပေးပါရန် ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

၃။ ရည်ညွှန်းချက်(၂)ပါစာဖြင့် ပေးပို့လာသော ပြင်ဆင်ချက်စာချုပ်(မူကြမ်း)အပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်၍ အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည်-

(က) ပြင်ဆင်ချက်စာချုပ်(မူကြမ်း)၏ စာချုပ်ဝင်များအပိုဒ် (ဂ)နှင့် စာချုပ်(မူကြမ်း)ပါ ကွက်လပ်နေရာများအား စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးချိန်တွင် ပြည့်စုံစွာဖြည့်သွင်းပြီးဖြစ်ရန် လိုအပ်ပါသည်၊

(ခ) ပြင်ဆင်ချက်စာချုပ်(မူကြမ်း)၏ အပိုဒ် ၂ တွင် ဖော်ပြထားသော အစားထိုးပြင်ဆင်မည့် နောက်ဆက်တွဲ(င)သည် ယခုစာချုပ်နှင့်အတူ ပူးတွဲပါဝင်မှုမရှိပါ။ နောက်ဆက်တွဲများသည် စာချုပ်၏တစ်စိတ်တစ်ဒေသဖြစ်သောကြောင့် စာချုပ်ချုပ်ဆိုချိန်တွင် ပူးတွဲပါရှိပြီးဖြစ်ရန် လိုအပ်ပါသည်၊

(ဂ) ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပိုဒ် ၅ တွင် B.O.T စနစ်ဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ "မူလစာချုပ်၏ အပိုဒ် ၃ တွင် ငှားရမ်းမည့်ပစ္စည်းများမှာ စက်ဘီးစက်ရုံနှင့် စက်မှုအဆောက်အဦ(၁၆)လုံး၊ ဝန်ထမ်းအိမ်ရာ(၃၂)လုံး၊ ဂိုဒေါင်(၇)လုံး၊ စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မော်တော်ယာဉ်များဖြစ်ကြောင်း ဖော်ပြပစ္စည်းများသည် တည်ရှိပြီးပစ္စည်းများဖြစ်ကြောင်း တွေ့ရှိရပါသည်။ B.O.T စနစ် (Build. Operate, Transfer) ဆိုသည်မှာ ငှားရမ်းမည့်စက်ရုံမြေပေါ်တွင် အငှားချထားခြင်းခံရသူမှ အဆောက်အဦအသစ် တည်ဆောက်၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ပြီး ငှားရမ်းသက်တမ်းကုန်ဆုံးသည့်အချိန်တွင် အဆိုပါငင်းတည်ဆောက်ထားသည့်အဆောက်အဦကို အငှားချထားသူသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်စနစ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ B.O.T စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ယင်းစနစ်အတွက်လိုအပ်သောအချက်အလက်များနှင့် ပြည့်စုံကိုက်ညီမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်၊

(ဃ) လိုအပ်သောနေရာအချို့တွင် ခင်နီဖြင့် ပြင်ဆင်ပေးလိုက်ပါသည်။

၄။ ဤစာချုပ်(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကိုဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၅။ Win & Win Co., Ltd သည် ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေး အင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူ ဟုတ် မဟုတ် စသည်တို့အတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများ တောင်းယူစိစစ်သင့်ပါသည်။

၆။ ဤ စာချုပ်(မူကြမ်း) ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်ပေးပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။

၇။ ဤအကြံပြုချက်ကို လျှို့ဝှက်အဆင့်သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(signature) ၂၅.၁.၂၀၁၅

(ကျော်ဆန်း)

ညွှန်ကြားရေးမှူးချုပ်

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
စက်မှုဝန်ကြီးဌာန

မိတ္တူ - ရုံးလက်ခံ / မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

တအမှတ်၊ ၁၅၀၆(၁-နပဖ) ၂၀၁၅/ငှားရမ်း/ ၄၄၉

ရက် စွဲ၊ ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်

အကြောင်းအရာ။ **စက်ရုံငှားရမ်း (၅၀+၁၀+၁၀)နှစ် သက်တမ်းတိုးမြှင့်သည့် ပထမအကြိမ် ပြင်ဆင်စာချုပ် (မူကြမ်း) ပေးပို့ခြင်း**

ဤလုပ်ငန်းလက်အောက်ရှိစက်ဘီးစက်ရုံ(ကျောက်ဆည်)အား Win & Win Co.,Ltd သို့ (၁.၅.၂၀၁၁)ရက်နေ့မှ(၃၀.၄.၂၀၆၁)ရက်နေ့ထိ ငှားရမ်းကာလ နှစ်ရှည်(၅၀+၁၀+၁၀)နှစ် တိုးမြှင့်သည့် ပထမအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်အား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်အရ ပြင်ဆင်ပြီးဖြစ်ပါ၍ စာချုပ်မူကြမ်း(၁)စုံအား သိသာပါရန်နှင့် လိုအပ်သည်များ ဆက်လက် ဆောင်ရွက်နိုင်ပါရန် ပူးတွဲပေးပို့အပ်ပါ သည်။

ဦးဆောင်ညွှန်ကြားရေးမှူး([illegible])

(ဒေါက်တာစိုးနိုင်၊ အထွေထွေမန်နေဂျာ)

မန်နေဂျင်းဒါရိုက်တာ

Win & Win Co.,Ltd

မိတ္တူကို/

- စက်ရုံတာဝန်ခံ၊ စက်ဘီးစက်ရုံ(ကျောက်ဆည်)
- ရုံးလက်ခံ
- မျှောစာတွဲ

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

နှင့်

Win & Win Co.,Ltd

တို့

ချုပ်ဆိုသော

စက်ဘီးစက်ရုံ(ကျောက်ဆည်)

အား

BOTစနစ်ဖြင့် ငှားရမ်းဆောင်ရွက်သည့် သဘောတူစာချုပ်အပေါ်

ပထမအကြိမ်သက်တမ်းတိုးမြှင့်လုပ်ကိုင်သည့်
ပြင်ဆင်ချက်သဘောတူစာချုပ်

ရက်စွဲ၊ ၂၀၁၅ ခုနှစ် လ ရက်

ကန့်သတ်

ၼမူနာ

မြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ယာဉ်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

နှင့်

Win & Win Co.,Ltd တို့ ချုပ်ဆိုထားသော

စက်ဘီးစက်ရုံ(ကျောက်ဆည်) အား BOT စနစ်ဖြင့် ငှားရမ်းသည့် သဘောတူစာချုပ်အပေါ်

ပထမအကြိမ်သက်တမ်းတိုးမြှင့်လုပ်ကိုင်သည့် ဖြည့်စွက်သဘောတူစာချုပ်

ဤ ဖြည့်စွက် သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် လ ( )ရက်နေ့တွင် နေပြည်တော်ရှိ ဦးခင်မောင်တင့် ညွှန်ကြားရေးမှူး ကိုယ်စားပြုသော အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (ယာဉ်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)(နောင်တွင် "အငှားချထားသူ" ဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ရင်းအားဆက်ခံသူများနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်။) က တစ်ဖက်နှင့် ဦးဝင်းဆွေ အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/လသန(နိုင်) ၀၀၇၃၅၇ ကိုယ်စားပြုသော Win & Win Co.,Ltd အမှတ်(၆)ဖြိုးပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (နောင်တွင်အငှားချထားခြင်းခံရသူဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ရင်းအားဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က အခြားတစ်ဖက်တို့သည်-

(က) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ကျောက်ဆည်မြို့အရှေ့ဘက် (၅)မိုင် (ခ)ဖာလုံအကွာရှိစက်ဘီးစက်ရုံ(ကျောက်ဆည်)၏ မြေ(၂၇.၆၅)ဧကနှင့်စက်ရုံအဆောက်အဦ၊ စက်ပစ္စည်းကိရိယာများ ရုံးသုံးပရိဘောဂနှင့် မော်တော်ယာဉ်များကို(၃၀+၁၀+၁၀) နှစ်၊ နှစ်ရှည်နှစ်(၅၀)ထိ BOT စနစ်ဖြင့် ငှားရမ်းခွင့်ကို (၂၅.၇.၂၀၁၃)နေ့ တွင်ပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂၃/၂၀၁၃)မှ သဘောတူခွင့်ပြုခဲ့ပြီး စက်ဘီးထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ဆေးရုံသုံးကုတင်၊ ပရိဘောဂနှင့်အိမ်သုံး ပရိဘောဂပစ္စည်းများထုတ်လုပ်ပြီး ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချရေး ဆောင်ရွက်ရန်သဘောတူ စာချုပ်ကို ၂၀၁၃ ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့တွင် နှစ်ဦးသဘောတူ စာချုပ် (နောင်တွင်မူလစာချုပ်ဟုခေါ်ဆိုမည်ဖြစ်ပါသည်။) ချုပ်ဆို၍ လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

(ခ) ယင်းသို့ လုပ်ငန်းဆောင်ရွက်ရာတွင် မူလစာချုပ်၏ သက်တမ်းကို (၁.၅.၂၀၁၃)မှ (၃၀.၄.၂၀၆၃)ထိ (၅၀)နှစ်အပေါ် တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် (၂)ကြိမ် သက်တမ်း တိုးမြှင့်ငှားရမ်းဆောင်ရွက်ရန် ဤဖြည့်စွက်သဘောတူ စာချုပ်ကို စာချုပ်ဝင်များ အကြား ချုပ်ဆိုခြင်းဖြစ်ပါသည်။

နမူနာ